ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်းတရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 22 October 2024 ၁၁၆၁၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

# သီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်းမြင့်မားလာမည်

## နိုင်ငံ့စီးပွားရေး တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်နိုင်ရန် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခဲ့မှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း၊ အများစုကောက်ခံပြီးဖြစ်သော်လည်း ဆက်လက်၍ ကောက်ယူရန်ရှိသည့် နေရာများကျန်ရှိနေသေးကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အမျိုးသားရေးကိစ္စရပ်တစ်ခုအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးအရ ကောက်ယူရန်ကျန်ရှိသည့် နေရာများတွင်လည်း ဆက်လက်ကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ယနေ့
ဖတ်စရာ

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေနှစ်သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်**

စာမျက်နှာ » ၅

**ရွှက်စွယ်တော် ပမာထားပါလို့ ကဗျာအားဖြင့် ချစ်ကြိုးသွယ်**

ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်**

စာမျက်နှာ » ၉

ကြေးမုံ

# ထာဝရငြိမ်းချမ်းရေးကိုရှေးရှု ကတိကဝတ်များအလေးထား

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုနိုင်ခဲ့သည်မှာ (၉)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် အဖွဲ့နှစ်ဖွဲ့ ထပ်မံလက်မှတ်ရေးထိုးခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား နှစ်ပေါင်းရှည်ကြာဖြစ်ပွားနေသည့် ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် ကနဦးအခွင့်အလမ်း သို့မဟုတ် အကောင်းဆုံးအခွင့်အလမ်းဖြစ်သည်။

NCA စာချုပ်ကို တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်နားလည်မှုအပြည့်ဖြင့် လိုက်လျောမှုများတည်ဆောက်ပြီး ဆောင်ရွက်ခဲ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ တွေ့ဆုံမှုများစွာ၊ ညှိနှိုင်းဆွေးနွေးမှုများစွာတို့ကို အခြေတည်၍ နှစ်ဖက်သဘောတူညီမှုရရှိသည်အထိ အကျေအလည်ဆွေးနွေးရာမှ ဖြစ်ပေါ်လာခဲ့သည့် မြန်မာနိုင်ငံ၏ သမိုင်းဝင်စာချုပ်ဖြစ်သည်။ NCA စာချုပ်စတင်ချုပ်ဆိုစဉ်ကတည်းက “ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ သဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန်” အပြန်အလှန်သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

NCA စာချုပ် ချုပ်ဆိုပြီးသည့် (၉)နှစ်မြောက်ကာလတွင် အပြန်အလှန်သန္နိဋ္ဌာန်ပြုခဲ့ကြသည့်အတိုင်း အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ ပြန်လည်ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ လျှောက်လှမ်းကြမည်ဆိုသည့် ရည်မှန်းချက်များဖြင့် ဖြစ်ပေါ်လာခဲ့သော NCA ကို အနှောင့်အယှက်များကြားတွင် မည်သို့လျှောက်လှမ်းခဲ့ကြသည်၊ မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်၊ မည်မျှခိုင်မာမှုရှိသည်တို့မှာ ဆန်းစစ်စရာပင် လိုမည်မထင်ဘဲ အားလုံးသိရှိသဘောပေါက်ကြမည်ဖြစ်သည်။ NCA ကို လက်မှတ်ရေးထိုးရသည့် ရည်ရွယ်ချက်သည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအရေးနှင့် ဒီမိုကရေစီအရေးအတွက်ပင်ဖြစ်သည်။

တပ်မတော်အနေဖြင့် NCA စာချုပ်ဖြစ်ပေါ်လာပြီး သုံးနှစ်အကြာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားသည့် စိတ်ဆန္ဒဖြင့် တစ်ဖက်သတ်အပစ်အခတ်ရပ်စဲရေးကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာပြီး လိုက်လျောဆောင်ရွက်ပေးခဲ့သည်ကို အားလုံးသိရှိကြမည်ဖြစ်သည်။ တပ်မတော်သည် NCA စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့သည်။ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားမှုများ၊ လိုက်ပါဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန်အတွက် ဖိတ်ခေါ်မှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြဖို့ ဖိတ်ခေါ်လျက်ရှိသည်။

ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်မှုများမှတစ်ဆင့် ရရှိလာသည့် သဘောထားမှတ်ချက်များကို Union Accord အဖြစ် မှတ်တမ်းတင်ထားရှိသည်။ NCA မှတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပပျောက်သွားမှသာ မျှော်မှန်းထားသည့်ပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်သည်။ အားလုံးအတူတကွ “မြန်မာ”ဆိုသည့်စိတ်ဖြင့် ရှေ့ဆက်ကြဖို့လိုသည်။ ထိုသို့မဟုတ်ဘဲ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံပြီး မြန်မာနိုင်ငံသားအချင်းချင်း သွေးမြေကျအောင် ကြံစည်ဆောင်ရွက်နေသည့် ပြည်ပနိုင်ငံအချို့၏ သွေးထိုးမြှောက်ပင့်ပေးမှုအပေါ် ယုံကြည်ပြီး အဖျက်လုပ်ရပ်များကို ဆက်လက်လုပ်ကိုင်နေမည်ဆိုလျှင် အနာဂတ်နိုင်ငံတော်ခရီးသည် အလှမ်းဝေးနေမည်ဖြစ်သည်။

NCA စာချုပ်ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြားခဲ့သည့် “လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့ လိုလားချက်ကို တောင်းဆိုလို့မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကို ရောက်လာပြီး ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းနည်းနဲ့သာ ပဋိပက္ခတွေကို ပြေလည်စေမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တောင်းဆိုမှုတွေအပေါ် လိုက်လျောဖြေရှင်းပေးသွားမှာ မဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ “ရှေ့သို့ချီမည် ပန်းတိုင်ဆီ”ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အားလုံး “မြန်မာ”ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ရှေ့ကို ချီတက်ကြတဲ့နေရာမှာ NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်”ဟူ၍ ပြောကြားခဲ့သည့်အတိုင်း ထာဝရငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့်စိတ်ဖြင့် ချမှတ်ထားသော ကတိကဝတ်များကို လိုက်နာစောင့်ထိန်းသွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမအထူးအယူခံမှု ငါးမှု ရုံးထိုင်ကြားနာ

နေပြည်တော် အောက်တိုဘာ ၂၁

ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသောင်းနိုင်၊ ဦးသိန်းကိုကို၊ ဒေါ်ပြုံးပြုံးအေး၊ ဒေါက်တာကိုကိုနိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၃/၂၀၂၄(မန္တလေး)နှင့် တရားမ အထူးအယူခံမှုအမှတ် ၅၃/၂၀၂၄(ရန်ကုန်)၊ ၅၇/၂၀၂၄(တနင်္သာရီ)၊ ၆၆/၂၀၂၄(တနင်္သာရီ)၊ ၆၇/၂၀၂၄(တနင်္သာရီ)၊ ၆၉/၂၀၂၄ (မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု တစ်မှုနှင့် တရားမ အထူးအယူခံမှု ငါးမှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။ သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၅၀၀ | ၆၈၈ | ၅,၈၄၉,၀၀၀ |
| MTSH | ၃,၃၅၀ | ၃,၄၀၀ | ၁,၉၅၂ | ၆,၅၃၄,၄၅၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၁၀ | ၂၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၂၆၇ | ၇၂၀,၉၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၆၂၀ | ၁,၀၂၄,၀၀၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၇ | ၃၀,၈၀၀ |
| MAEX | ၃,၄၀၀ | ၃,၃၅၀ | ၈၀၅ | ၂,၇၂၆,၉၅၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ❂ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်

☆ ရှေ့ဖုံးမှ

သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများ အားလုံးကို နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုကျေးဇူးတင်ရှိပါကြောင်း။

**ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး**

ပြီးခဲ့သည့်လအတွင်း ရာဂီမုန်တိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ခဲ့သည့် အရှိန်များကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများဖြစ်ပွားစဉ် လူသေဆုံးမှုအနေဖြင့် ယခုအချိန်အထိ စာရင်းအရ ၄၄၄ ဦးရှိခဲ့ကြောင်း၊ အလားတူ အိမ်မွေးတိရစ္ဆာန်များသေဆုံးခဲ့သကဲ့သို့ နေအိမ်အဆောက်အအုံများ၊ လမ်း၊ တံတားများပျက်စီးခဲ့ပြီး ယာဉ်၊ ယန္တရားများလည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများအနက် ယခုဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုသည် အများဆုံးဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ချိန်တွင် စေတနာရှင်ပြည်သူများနှင့် ပရဟိတ အဖွဲ့အစည်း အသီးသီးအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည်ကို တွေ့ရှိရသဖြင့်လည်း မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း။

ရေဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းပမာဏကျယ်ပြန့်သဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်အပြင် ပြည်သူလူထုတစ်ရပ်လုံးပါဝင်ရန် လိုအပ်သဖြင့် နိုင်ငံတော်အဆင့် အလှူငွေလက်ခံခြင်းကို သုံးကြိမ်ဆောင်ရွက်ခဲ့ရာ အလှူငွေ ၅၃ ဘီလီယံကျော်ရရှိခဲ့ကြောင်း၊ တစ်ဦးချင်း၊ အဖွဲ့အစည်းတစ်ခုချင်းအနေဖြင့်လည်း သက်ဆိုင်ရာနေရာအသီးသီးသို့ သွားရောက်လှူဒါန်းခြင်း၊ ဝိုင်းဝန်းကူညီခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီအသင်းအဖွဲ့များကလည်း ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့မှုများနှင့် စေတနာရှင်၊ အလှူရှင်များအားလုံး၏ လှူဒါန်းမှုများကို နိုင်ငံတော်အနေဖြင့် ကျေးဇူးတင်အသိအမှတ်ပြု မှတ်တမ်းတင်အပ်ပါကြောင်း။

**မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဆောင်ရွက်**

မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပခဲ့ပြီး မကြာမီအချိန်တွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးကို ယခုကဲ့သို့အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့သည့် ကဏ္ဍအလိုက် တာဝန်ရှိသူများကို အသိအမှတ်ပြုကြောင်း၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသအားလုံးမှ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ယခု **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း**၊ ထိုသို့ **ယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မှ နိုင်ငံတည်တံ့ခိုင်မြဲမည်ဖြစ်ကြောင်း**၊ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံးက ဆက်လက်၍ ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တာဝန်ထမ်းဆောင်မှု**

ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ ထမ်းဆောင်ရသည့် ကဏ္ဍအလိုက်နှင့် ဒေသ၏အကျိုးကို အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အဆင့်မှ သိသင့်သိထိုက်သည်များကို တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်မှသာလျှင် နိုင်ငံတော်အဆင့်မှ လမ်းညွှန်မှာကြားရန်လိုအပ်သည်များ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်သည်များကို လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့် ပတ်သက်ပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်သွားရန် လိုအပ်သည့်အတွက် အလေးထားတင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ထောင်စုအဆင့် ရုံးဌာနများနှင့် လုပ်ငန်းတာဝန်များ ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အခက်အခဲများဖြစ်ပေါ်ပါက တင်ပြဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်တာဝန်များကိုထမ်းဆောင်ရာတွင် ရိုးရိုးသားသားဖြင့် မှန်မှန်ကန်ကန်ဖြစ်အောင် ဆောင်ရွက်သွားရန်လိုပြီး မိမိတို့လုပ်ဆောင်ချက်များအားလုံးကို မှတ်ကျောက်တင်ခံနိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း။




ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၄)သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

**ကမ္ဘာပေါ်တွင် စားရေရိက္ခာ ထုတ်လုပ်သည့် နိုင်ငံတစ်ခုအဖြစ် ဂုဏ်ယူနိုင်အောင် ကြိုးပမ်းဆောင်ရွက်**

မိမိတို့အနေဖြင့် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားခဲ့မှုကြောင့် ကျဆင်းခဲ့သည့် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံ၏ အဓိကကုန်ထုတ်လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုအားပေးဆောင်ရွက်ခဲ့သဖြင့် နိုင်ငံ့စီးပွားရေးမှာ ပြန်လည်ဦးမော့လာခဲ့ကြောင်း၊ သို့သော် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက တိုးတက်မှုအားနည်းနေဆဲဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိသော်လည်း ထိုက်သင့်သလောက် တိုးတက်မှုမရှိသေးကြောင်း၊ သီးနှံများ ပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဒေသအလိုက် စံပြစိုက်ခင်းများ စိုက်ပျိုး၍ စံနမူနာပြဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ၎င်းနှင့်ဆက်စပ်သည့် ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးတက်လာပြီး နိုင်ငံ၏ GDP တိုးတက်မှုနှုန်း မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးအား တိုးတက်လာစေရေးနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အင်ပြည့်အားပြည့် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့တွင်ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို **စာမျက်နှာ ၄ သို့ »»**

**❖ မိမိတို့တွင် ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန်လို**

**❖ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရမည်၊ မြေကို စနစ်တကျပြုပြင်ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏ နည်းစနစ်များကိုလည်း လေ့လာအတုယူ ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက်လည်း အသီးအနှံများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အားပေးဆောင်ရွက်**

- ❖ **နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်းများအထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်းနှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်**
- ❖ **သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန်လည်းလိုကြောင်း၊ တိုင်းပြည်၏ အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည်**

»»» **စာမျက်နှာ ၃ မှ**

အောင်မြင်အောင် ဆောင်ရွက်နိုင်ကြရန်လိုကြောင်း၊ ရေကို အကျိုးရှိစွာအသုံးချနိုင်ရမည်၊ မြေကို စနစ်တကျ ပြုပြင်ဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နေကြသည့် ပြည်ပနိုင်ငံများ၏ နည်းစနစ်များကိုလည်း လေ့လာ အတုယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက်လည်း အသီးအနှံများ ပိုမို ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် အားပေးဆောင်ရွက် သွားရန်လိုကြောင်း၊ မိမိတို့တွင်ရှိသည့် အခြေခံကောင်း များကို ကောင်းစွာအသုံးချနိုင်ခြင်းသည် နိုင်ငံ၏ အားပင်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကို အောင်မြင်အောင်ဆောင်ရွက်ပြီး ထုတ်ကုန် များနှင့်ပို့ကုန်များ တိုးမြှင့်လာအောင် ဆောင်ရွက်ကာ ကမ္ဘာပေါ်တွင် စားရေရိက္ခာကို ထုတ်လုပ်သည့်နိုင်ငံ တစ်ခုအဖြစ် ဂုဏ်ယူနိုင်ရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျ ဖြင့် မွေးမြူနိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို ဒေသန္တရမွေးမြူခြင်းထက် လျောင်၍မွေးမြူပြီး ဆောင်ရွက်သွားမည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများအတွက် အထောက်အကူပြု မည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေး အတွက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအခြေခံ သင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက် ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ စနစ် တကျဆောင်ရွက်သွားမည်ဆိုပါက စားသောက်ကုန် များ များစွာထုတ်လုပ်နိုင်သည့် နိုင်ငံတစ်ခုဖြစ်လာ မည်ဖြစ်ကြောင်း။

နိုင်ငံတွင်ရှိပြီးဖြစ်သည့် သစ်၊ ဝါး၊ ကြိမ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုလည်း ပို့ကုန်ပစ္စည်း များအထိ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အခွင့်အလမ်း နှင့် နည်းပညာများ ဖန်တီးပေးနိုင်ရမည်ဖြစ်ကြောင်း၊ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးကြရန်လည်းလိုကြောင်း၊ တိုင်းပြည် ၏ အခြေခံအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးချ နိုင်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုး တိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ ဆောင်ရွက်မှုများ တွင် စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းများကို သာ အဓိကဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတွင်းရှိ အခြားသော ပြည့်ဖြိုးမြဲ အခြေခံသယံဇာတများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းများကိုလည်း အားပေးဆောင်ရွက်ကြ စေလိုကြောင်း၊ ဥပမာအားဖြင့် သစ်၊ ဝါး၊ ကြိမ်၊ ရော်ဘာ တို့ကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ထုတ်လုပ်ငန်း များကို အားပေးဆောင်ရွက်ခြင်းအားဖြင့် အလုပ်အကိုင် အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ် စေနိုင်မည်ဖြစ်ကြောင်း။

**ဝါနှင့် ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လိုကြောင်း၊** တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အထည်လုပ်ငန်းများရှိကြပြီး ချည်နှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးသွားကြရမည်ဖြစ် ကြောင်း၊ ဝါနှင့်ပတ်သက်၍ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရန်လိုပြီး စိုက်ကေများမှ ထွက်ရှိ လာသည့် ဝါဂွမ်းများမှ အဆင့်မီသည့်ချည်ထည် ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည် ဆိုပါက ပြည်ပမှ အထည်အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်း လိုအပ်ချက်ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင် မည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ တစ်ခေတ်ဆန်း နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ ရော်ဘာထုတ်ကုန်များကိုလည်း မိမိတို့ ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များ ကို လျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုများကိုအားပေး၍ ပြည်တွင်းလိုအပ်ချက် ပြည့်မီစေရေး ထုတ်လုပ်နိုင်ကြရန်လိုကြောင်း။

### ပညာရေးနှင့် ခရီးသွားကဏ္ဍ

မကြာမီကာလအတွင်း တက္ကသိုလ်များ ပြန်လည် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကျောင်းသားများ အားလုံး လုံခြုံချောမွေ့စွာ၊ ပျော်ရွှင်ချောမွေ့စွာဖြင့် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ယာယီပိတ်ထားခဲ့ရ သည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန် တွင်လည်း ကျောင်းသား ကျောင်းသူများ စိတ်လက် ချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေး ကျောင်းများ အတွင်း သန့်ရှင်းသာယာမှုရှိအောင် ဆောင်ရွက်ပေး ကြရန်လိုသကဲ့သို့ တန်းစဉ်အလိုက် သင်ရိုးအားလုံး တတ်မြောက်စေရေး အချိန်ပိုစာသင်ချိန်များဖြင့် သင်ကြားပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက် ၍ ကျောင်းများတိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ဆရာ ဆရာမ များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေး ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီ ဖြစ်သဖြင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ များပြား လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ခရီးသွား များလာရောက်လည်ပတ်လိုသည့်ဒေသများဖြစ်စေရေး **ဒေသများအလိုက်သန့်ရှင်းသာယာလှပပြီး ပန်းပေါင်း ဝေဆာသည့် ဒေသများဖြစ်စေရေး ဆောင်ရွက်ကြ စေလို**ကြောင်း၊ အလားတူ ဒေသအလိုက် ထုတ်ကုန် ပစ္စည်းများကို အဆင့်မီစွာဖြင့် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တည်းခိုသည့် ဟိုတယ် များနှင့် တည်းခိုခန်းများ သန့်ရှင်းမှုရှိစေရေးအတွက် လည်း တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက် ကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပညာရေး၊ ကျန်းမာ ရေး၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက် နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် က စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး စံပြ စိုက်ခင်းများ စိုက်ပျိုး၍ဆောင်ရွက်သွားရန်လိုကြောင်း၊ မိုးရာသီကာလအတွင်း စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းစေရေး ဆက်လက်ဆောင်ရွက်သွား ရန်လိုကြောင်း၊ မူဝါဒများကို အောက်ခြေအဆင့်အထိ သိရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသ အလိုက် ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက် သွားရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် ဆောင်ရွက် သွားမည်ဆိုပါက လုပ်ငန်းများအောင်မြင်နိုင်မည် ဖြစ်ကြောင်း၊ ဒေသလုံခြုံရေးနှင့် ပတ်သက်၍ ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိ ကြောင်း၊ သက်ဆိုင်ရာနယ်မြေများအလိုက် လုံခြုံရေး လုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်သွားရန် လိုကြောင်း၊ လာမည့်ဒီဇင်ဘာလအတွင်း ကျင်းပ ပြုလုပ်မည့် အမျိုးသားအားကစားပွဲတော်တွင်လည်း အရည်အချင်းရှိရှိဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း ဖြည့်စွက်မှာကြား သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြ သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးပြောကြားရာတွင် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကို စည်းကမ်း နှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်နှင့် ပုစွန်မွေးမြူ ခြင်းလုပ်ငန်းများကိုလည်း တိုးတက်အောင် ဆောင်ရွက်၍ ရေထွက်ပစ္စည်း တိုးတက်တင်ပို့နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရော်ဘာစိုက်ပျိုး မှုနှင့် ပတ်သက်၍လည်း အထွက်နှုန်းများ တိုးတက် အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြည်ပသို့ ပညာတော်သင်သွားရောက်သည့် ကိစ္စများနှင့် ပတ်သက်၍လည်း သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနများအလိုက် ရည်မှန်း ချက်များကို အောင်မြင်အောင် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အမျိုးသားစီမံကိန်းများမှ အဓိကအချက်များကို ဦးစားပေးအနေဖြင့် အကောင် အထည်ဖော်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲကျင်းပနိုင်ရေးရည်မှန်းပြီး လူဦးရေနှင့် အိမ်အကြောင်း အရာသန်းခေါင်စာရင်းကောက်ယူ ခြင်းနှင့် အခြား ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်တကျဖြင့် အောင်မြင်အောင် ကျင်းပနိုင်ရေး ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက် ရှိကြောင်း။

မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီးပွားရေးရည်မှန်းချက်ကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စီးပွားရေး စီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ရည်မှန်း ချက်တစ်ခုချင်းအလိုက် စနစ်တကျဖြင့်ဆောင်ရွက် သွားမည်ဆိုပါက လုပ်ငန်းတာဝန်များ အောင်မြင်နိုင် မည်ဖြစ်ကြောင်း၊ ရည်မှန်းချက်များကို တစ်ဆင့်ချင်း အောင်မြင်အောင် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုပြီး တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ဖြင့် မိမိတို့ထမ်းဆောင်ရသည့် လုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက် ကြရန်လိုကြောင်း၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင် မှုများနှင့်ပတ်သက်၍လည်း စည်းကမ်းစနစ်တကျ ဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

- ❖ **ဝါနှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့အနေဖြင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဦးဆောင်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် အထည်လုပ်ငန်းများရှိကြပြီး ချည်နှင့်ပတ်သက်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက် ပေးသွားကြရမည်**
- ❖ **ဝါနှင့်ပတ်သက်၍ အမြင်ကျယ်ကျယ်ဖြင့် ဆောင်ရွက်သွားကြရန်လိုပြီး စိုက်ကေများမှ ထွက်ရှိလာသည့် ဝါဂွမ်း များမှ အဆင့်မီသည့်ချည်ထည်ပစ္စည်းများအဆင့်အထိ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ အထည် အလိပ်နှင့် ချည်ထည်များ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး ပြည်တွင်းလိုအပ်ချက် ပြည့်မီပါက ပြည်ပသို့လည်း တင်ပို့နိုင်မည်၊ ဝါနှင့်ပတ်သက်၍ တစ်ခေတ်ဆန်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လို**
- ❖ **ရော်ဘာထုတ်ကုန်များကိုလည်း မိမိတို့ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်၍ ပြည်ပသွင်းကုန်များကို လျှော့ချနိုင်ရမည် ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုများကို အားပေး၍ ပြည်တွင်းလိုအပ်ချက်ပြည့်မီစေရေး ထုတ်လုပ် နိုင်ကြရန်လို**

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် အောက်တိုဘာ ၂၁**

(၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိ မြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြကာ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်းရှိ သာသနိက အဆောက်အအုံများ၊ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ကျောက်စာရုံစေတီတော်များနှင့် အဂ္ဂါမိပတိသာသနဗိမာန်တော်ကြီးကို ကြည့်ရှုလေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ထို့အတူ ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ လှူဒါန်းကြကာ ဆင်ဖြူတော် ထိန်းသိမ်း စောင့်ရှောက်ရေး ဥယျာဉ်ရှိ ရတနာဆင်ဖြူတော်များကို ကြည့်ရှုလေ့လာ၍ အာဟာရဒါန ကျွေးမွေးကြသည်။

ထို့ပြင် နေပြည်တော် Junction Center နှင့် ဥတ္တရသီရိ Ocean Super Center တို့သို့ သွားရောက်ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြစဉ်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြစဉ်။



(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း ကြည့်ရှုလေ့လာ ဖူးမြော်ကြည်ညိုကြစဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေနှစ်သန်းပြည့်မြောက်သည့် ဘုရားဖူးပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှ စတင် ခွင့်ပြုပေးခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကား လျက်ရှိသည်။



ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၈ ရက်မှ စ၍ဘုရားဖူးပြည်သူအများအပြားနေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူပြည်သူနှစ်သန်းကျော် အနက်မှ ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခြေခံပညာအဆင့် (၁၅ နှစ်မှ ၂၀ နှစ်) စန္ဒရားအတီးပြိုင်ပွဲ (ဧရာဝတီတိုင်းဒေသကြီး)မှ ပြိုင်ပွဲဝင် လာရောက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ မကေဇော်ရှင်းသန့်သည် ဦးရေနှစ်သန်းပြည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေနှစ်သန်း ပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် မကေဇော်ရှင်းသန့်နှင့် မိဘများအား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မကေဇော်ရှင်းသန့်နှင့် မိဘများသည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ် အတွင်းရှိ ကျောက်စာရုံ စေတီတော်များ၊ အဂ္ဂါမိပတိသာသနဗိမာန်တော်၊ ဂန္ဓကုဋီတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ်တို့ကို လှည့်လည်ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများ တည်ထားကိုးကွယ်မှု ဆိုင်ရာများနှင့် ဦးရေနှစ်သန်းမြောက်ဘုရားဖူးပြည်သူ ဖြစ်လာရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ၪင်းနောက် ဦးဆောင် ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုနှင့်အညီ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေနှစ်သန်းမြောက် ဘုရားဖူးပြည်သူ မကေဇော်ရှင်းသန့်အား ဓမ္မလက်ဆောင်အဖြစ် ဉာဏ်တော်ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ဘောင်သွင်း ဓာတ်ပုံတစ်ပုံနှင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သမိုင်းကြောင်းစာအုပ်တို့ကိုပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှက်စွယ်တော် ပမာထားပါလို့ ကဗျာအားဖြင့် ချစ်ကြိုးသွယ်

မြင်းမူမောင်နိုင်မိုး

တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးက မြန်မာစာရေးဆရာများအား သူတို့နိုင်ငံသို့ စာပေယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ အလည်အပတ်ဖိတ်ကြားလိုကြောင်း လွန်ခဲ့သော လေးလကျော်၊ ငါးလကပင် ကမ်းလှမ်းလာခဲ့သည်။

ယခင်က မြန်မာစာရေးဆရာအဖွဲ့များ လေးယောက်တစ်ဖွဲ့၊ ငါးယောက်တစ်ဖွဲ့ တရုတ်နိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြရသည်။ သူတို့ဆီကလည်း မြန်မာနိုင်ငံသို့အလားတူ လာရောက်ကြသည်။ အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုဆီ ဦးတည်ခြင်းဖြစ်ပါ၏။ ဆယ်စုနှစ် နှစ်ခုကျော် သုံးခုနီးပါး အပြန်အလှန်သွားရောက်ခဲ့ကြရာမှ ထိုခရီးစဉ်များ ရပ်တန့်နေခဲ့သည်မှာ ဆယ်စုနှစ် တစ်ခုနီးပါးခန့်ပင် ရှိပြီထင်ပါသည်။ ယခု သူတို့ကစတင်၍ ကမ်းလှမ်းလာတော့ လိုလိုလားလားပင် လက်ခံမိပါ၏။ ညှိနှိုင်းချက်အရ ရန်ကုန်မြို့တစ်ဝိုက်သာ အခြေချနေထိုင်သူများသာမကဘဲ မြို့နယ်အဆင့်များပါ ပါဝင်စေလိုသဖြင့်လည်းကောင်း မိမိလက်လှမ်းမီသမျှ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နိုင်ငံတော်အဆင့် စာပေဆုရရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌများ၊ ပုံနှိပ်ထုတ်ဝေသူများ၊ ဘာသာပြန်စာရေးဆရာများ၊ အယ်ဒီတာများကိုပါ ထည့်သွင်းစဉ်းစားရပါသည်။

နောက်ဆုံးတော့ မိမိဦးဆောင်သော မြန်မာစာရေးဆရာ ၁၀ ဦးသည် သံရုံးမှစီစဉ်ပေးသော စကားပြန် မမြတ်မြတ်ဦးနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ နံနက် ၈ နာရီခွဲတွင် ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့သို့ ထွက်ခွာခဲ့ရလေတော့သည်။ ထိုနေ့က လေဆိပ်တွင် တရုတ်သံရုံး (ယဉ်ကျေးမှုသံရုံး)မှ သံမှူးကြီးနှင့် ကောင်စယ်လာ ဒေါ်နွဲ့ကဗျာတို့က လိုက်ပါပို့ဆောင်ကြလေသည်။

**ပဋ္ဌမမြောက် ခရီးစဉ်**

ကျွန်တော်သည် ၁၉၉၉ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်များတွင် တရုတ်နိုင်ငံသို့ ရောက်ခဲ့ဖူးသည်။ ပထမတစ်ခေါက်တုန်းက ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၁၀ ရက်ကြာသည်။ ဆရာမကြီးစောမုံညင်း၊ ဆရာချစ်နိုင်(စိတ်ပညာ)၊ ဆရာမ မစန္ဒာ၊ ဆရာကာတွန်းစိုးစံတို့နှင့် ဖြစ်သည်။ ဒုတိယတစ်ခေါက် ၂၀၁၂ ခုနှစ်က ဆရာမောင်ဆန္ဒ (လယ်ဝေး)နှင့် ဖြစ်ပြီး ၂၀၁၄ ခုနှစ်က မဲခေါင်စာပေဆုနှင်းသဘင် (ယူနန်ပြည်နယ်)သို့ ဆရာညိုထွန်းလူ၊ ဆရာတင်အောင်ရွှေ (သုတေသီ)၊ ဆရာဦးကြိုင်မြင့် (ဝါမိုးအောင်) စာပေတို့နှင့် ဖြစ်ပေသည်။ စတုတ္ထအခေါက် ၂၀၂၃ ခုနှစ်တွင် မိမိနှင့်အတူ တရုတ်–မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးစံလွင်နှင့် သတင်းမီဒီယာဆိုင်ရာနှင့် ရုပ်သံလွှင့်ဆိုင်ရာအဖွဲ့အစည်းများမှ အဖွဲ့ဝင် ငါးဦး ပါဝင်သည်။

ယခုတစ်ခေါက် ခရီးစဉ်အစနေ့မှာပဲ တောင်တရုတ်ပင်လယ်မှာ ဖြစ်ပေါ်နေသော မုန်တိုင်းငယ်၏သတင်းက မကြာခဏ ကြားနေရသည်။ သို့ရာတွင် ကြည်လင်သာယာသော ရာသီဥတုဖြင့် သုံးနာရီခန့်ကြာအောင် လေယာဉ်စီးပြီး မြန်မာစံတော်ချိန် ၁၂ နာရီခန့်တွင် ကွမ်ကျိုးမြို့သို့ ချောမောစွာရောက်သည်။ လေယာဉ်မယ်လေး၏ မကြာမီကွမ်ကျိုးမြို့ကို ရောက်ရှိပါတော့မည်ဟု ကြေညာသံကြားပြီး နာရီဝက်ခန့်ကြာမှ လေယာဉ်ဘီးချလေသည်။

လေယာဉ်ပြတင်းမှ လှမ်းမျှော်ကြည့်လိုက်သော် မြစ်များ၊ ချောင်းများ၊ တောင်ကုန်းတောင်တန်းများနှင့် သဘာဝရှုခင်းများက သာယာလှပသလို တိုက်တာအဆောက်အအုံများနှင့် ကြီးကျယ်ခမ်းနားလှသော လူနေရပ်ကွက်များကိုလည်း တစ်မျှော်တစ်ခေါ် ရှုမြင်ရသည်။ ထိုနေ့က လေဆိပ်သို့ လာရောက်ကြိုဆိုသော ဧည့်လမ်းညွှန်မှာ အမျိုးသားတစ်ဦးဖြစ်ပြီး အသက်လေးဆယ်ကျော် ငါးဆယ်နီးပါး အရွယ်ဖြစ်သည်။ သူ၏အမည်မှာ ဝမ်ကျယ်(Wang Jie)ဟု ခေါ်သည်။ ကွမ်တုံပြည်နယ် ကွမ်ကျိုးမြို့တွင် ၂၀၂၃ ခုနှစ် လူဦးရေစာရင်းအရ လူဦးရေ ၁၈ ဒသမ ၂၇ သန်းရှိသည်ဟု သိရသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းထားရှိပုံနှင့် သစ်ပင်သစ်တောများ စနစ်တကျစိုက်ပျိုးထားပုံမှာ စံပြုစရာကောင်းသည်။ ခုံးကျော်လမ်းများ သုံးထပ်၊ လေးထပ် တည်ဆောက်ထားပြီး ယာဉ်ကြောပိတ်ဆို့မှု နည်းပါးလှသည်ကိုလည်း သတိပြုမိသည်။

ထိုနေ့က နေ့လယ်စာစားပြီး Hampten Hotel တွင် တည်းခိုရသည်။ ညစာကိုတော့ ဟိုတယ်မှ နှစ်နာရီခန့် သွားရောက်ရသော ဆိုင်ကြီးတစ်ဆိုင်သို့ ပို့ဆောင်ကျွေးမွေးသည်။ ညစာစားအပြီး



ကွမ်ကျိုးမြို့ရှိ အသံလွှင့်မျှော်စင်နှင့် လဟာပြင်ပြဇာတ်ရုံကြီးကို သွားရောက်လေ့လာသည်။ မိုးထိခမန်း မြင့်မားလှသော အဆောက်အအုံကြီးများနှင့် အသံလွှင့်ရုံကြီး၏ ခံ့ထည်မှုက လိုက်ဖက်လှသည်။ လဟာပြင်ပြဇာတ်ရုံကြီး၏ မီးရောင်စုံအလှ၊ မြစ်ကမ်းနံဘေးပန်းခြံ၏ အလှ၊ ကြည်လင်သာယာသော မိုးကောင်းကင်၏အလှနှင့် အလှပေါင်းစုံသော ညချမ်းအခါဝယ် စိတ်ချမ်းမြေ့စွာ အပန်းဖြေအနားယူနေကြသော တရုတ်နိုင်ငံသားများကို ရှုမြင်ရသည်မှာ အားကျဖွယ်ရာပင် ဖြစ်တော့သည်။

**ကွမ်းတုံတက္ကသိုလ် မြရိပ်ညို**

စက်တင်ဘာလ ၆ ရက်နေ့ နံနက်စောစောတွင် Hotel Dinning Room တွင် အသက်နှစ်ဆယ်ကျော်အရွယ် နုနယ်လှပသော မိန်းမပျိုလေးတစ်ယောက်က ကျွန်တော်တို့ မြန်မာစာရေးဆရာအဖွဲ့ကို လာရောက်နှုတ်ဆက်ကြိုဆိုသည်။ ရန်ကုန်မှာကတည်းက အတူလိုက်ပါလာသော သံရုံးစကားပြန် မမြတ်မြတ်ဦးက မိတ်ဆက်ပေးသည်။

“ဆရာ...သူက ကျွန်မတို့အဖွဲ့နဲ့ ခရီးစဉ်အစအဆုံးလိုက်ပါပေးမယ့် မဝင်းပပ ပါ။ တရုတ်နာမည်က Gao Ping ပါတဲ့”

ဖြူဖြူသွယ်သွယ် မိန်းမငယ်လေးက သူ့ကိုယ်သူ ပပက၊ ပပကဟု သွက်လက်စွာ မိတ်ဆက်သည်။ သူသည် ရန်ကုန်တက္ကသိုလ်တွင် လာရောက်ပညာသင်ယူဖူးသည်။ မူရင်းတက္ကသိုလ်ကတော့ ယူနန်တက္ကသိုလ်ဖြစ်ပြီး ယီးမျိုးနွယ်စု ဖြစ်လေသည်။ ကျွန်တော်တို့ ခရီးစဉ်တစ်လျှောက်လုံး မြတ်မြတ်ဦးနှင့် ဝင်းပပကြောင့် အစစအရာရာ အဆင်ပြေပါသည်။

ထိုနေ့နံနက် ၉ နာရီတွင် ကွမ်တုံနိုင်ငံခြားဘာသာနှင့် ပြည်ပကုန်သွယ်ရေးတက္ကသိုလ်သို့ စာပေပေါင်းကူးဖလှယ်ရန် သွားရောက်ကြသည်။ တက္ကသိုလ်အဝင်ဝတွင် မြန်မာစာဌာနမှူးဖြစ်သူက ကျွန်တော်တို့အဖွဲ့ကို ပြုံးရွှင်ဖော်ရွေစွာ ကြိုဆိုသည်။ သူက ဝင်ဝင်ချင်း တက္ကသိုလ်၏ အလှအပများကို ခံစားရအောင် လမ်းလျှောက်သွားကြရအောင်ပါဟု ဆိုသည်။ လှပသော ရေမြောင်းနံဘေးဝယ် ရောင်စုံပန်းများပွင့်လန်းနေသော ပန်းခြံရှိသည်။ မြင့်မားသော သစ်ပင်ကြီးများက အဆောက်အအုံများကို အုပ်မိုးနေသည်။ ကျောင်းဝင်းထဲဝင်ပြီး မကြာမီ ဒါက တက္ကသိုလ်ဆေးရုံ၊ ဒါက တက္ကသိုလ်စာကြည့်တိုက် စသည်ဖြင့် ကြီးမားခံ့ညားသော အဆောက်အအုံများကို လိုက်လံပြသပေးသည်။ ၁၅ မိနစ်ခန့် လမ်းလျှောက်ပြီး အစည်းအဝေးခန်းမ၌ တက္ကသိုလ်၏ ဌာနမှူးများ၊ မြန်မာစာအဓိက ကျောင်းသား ကျောင်းသူများက ကျွန်တော်တို့ကို စောင့်ကြိုနေပါသည်။

ထိုနေ့က ကွမ်တုံတက္ကသိုလ်မှ ဌာနမှူး ကျိုးဖုန်(Zhou Peng)၊ ပါမောက္ခလျိုကျစ်ချန်(Liu Zhi Qiang)၊ မြန်မာစာဌာနမှူး ကျန်းဝေကော (Zhang Wei Guo)၊ မြန်မာစာကထိက ဆရာမဝူဒီ (Wu Di)၊ မြန်မာစာဆရာကျောက်ချိုင်ကျွမ်း (Zhao Cai Jun) တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။ ကျွန်တော်က အဖွဲ့ဝင် စာရေးဆရာများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။ ထို့နောက် မြန်မာစာရေးဆရာများကို စာပေရေးရာများနှင့် စာပေဖလှယ်ရေး ကိစ္စရပ်များအတွက် စကားပြောပေးပါဟု ဆိုလာတော့ ကျွန်တော်က မကြာမီကမှ တရုတ်၊ အင်္ဂလိပ်၊ မြန်မာ သုံးဘာသာဖြင့် ကျွန်တော်ရေးသားထုတ်ဝေပြီးဖြစ်သည့် Selected Chinese Poems Through the Ages (ခေတ်အဆက်ဆက်နှစ်သက်စရာတရုတ်ကဗျာများ) စာအုပ်မှ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က ကဗျာဆရာမ ချိုင့်ယုံ (Cai Yong) ရေးဖွဲ့ခဲ့သော အချစ်ကဗျာလေးတစ်ပုဒ်အကြောင်း ရှင်းလင်းပြောပြသည်။

ကဗျာပါအကြောင်းအရာလေးမှာ ဤသို့ဖြစ်၏။ အဝေးတစ်နေရာကို ရောက်ရှိနေသောချစ်သူ တစ်နည်းအားဖြင့် စစ်ရေးတာဝန်ထမ်းဆောင်နေသူ ချစ်သူကို ချစ်သူမိန်းကလေးက လွမ်းတနေရှာ၏။

စိမ်းလဲ့ကြည်လင်သော မြစ်ကမ်းနံဘေးဝယ် တစ်ကိုယ်တည်း မျှော်ငေးရင်း ချစ်သူကိုလွမ်းတနေ၏။ မနေ့ညက အိပ်မက်ထဲမှာ ချစ်သူနှင့်အတူ ပြုံးပျော်ရွှင်ပျ ကြည်နူးခဲ့ရသည်ဟု မြင်မက်ခဲ့သော်ငြား ချစ်သူကား ယခုအဝေးကို ရောက်နေပြီ။ ကဗျာအစပိုဒ်လေးမှာ ဤသို့ဖြစ်၏ –

**“မြစ်၏ဝဲယာ၊ ကမ်းစပ်မှာလျှင်**
**ပမာ မြသွင်၊ စိမ်းစိုလွင်သည့်**
**မြက်ပင်တို့အလှ၊ မြင်ပါရသော်**
**နှမကြင်သူ၊ စစ်ထွက်သူကို**
**တရူတမ်းမို၊ လွမ်းအားပိုမိ**
**ခုဆိုသူကား၊ မယ့်ကိုထားကာ**
**ရပ်ခြားဝေးမြေ ရောက်နေပြီ။”**

ထိုသို့ရှိစဉ် ချစ်သူနှင့်အတူ ခရီးထွက်သွားသော ရွာသားအချို့ ရွာသို့ပြန်ရောက်လာသည်။ ချစ်သူက စာလွှာလေးတစ်စောင်ကို ပိုးသားလိုနုညက်သော စာရွက်ပေါ်မှာရေးကာ အသေအချာထုပ်ပိုးပြီး ရွာသားတစ်ယောက်ဖြင့် အကြုံပါးလိုက်လေသည်။

ချစ်သူ့စာလွှာလေးကို တရိုတသေဖွင့်ဖောက်ပြီး ဒူးလေးတုတ်ကာ ထိုင်၍ ဖတ်လိုက်သည်။ အို ချစ်သူရေးလိုက်တဲ့ စာသားလေးကသည်လိုပါတဲ့...။ (ကဗျာနောက်ဆုံးအပိုဒ်လေးကို ရွတ်ဆိုပြလိုက်ပါသည်။)

**“သြော် . . . ပိုးသားဖြူဖွေး၊ ချစ်သူရေးသည်**
**စာလေးအစ၊ ဖတ်မဝခဲ့**
**နှမစိတ်ဝမ်း၊ ရွှင်ချမ်းမြေ့အောင်**
**ကျန်းမာအောင်နေ၊ ချစ်သူရေ**
**ကိုယ်လေတမ်းတ အောက်မေ့လှ**
**မင်းသာ ကိုယ့်အတွက် ထာဝရ . . .”**

အဆုံးသတ်အပိုဒ်လေးကို ဖတ်ပြီးမှ ကျွန်တော်ကပြောလိုက်သည်–

“ကဗျာခေါင်းစဉ်ကတော့ မြစ်ကမ်းနံဘေးမှ ချစ်အလွမ်းတေးပါတဲ့ ခင်ဗျာ”

ဆက်လက်၍ စာရေးဆရာ ရန်ပိုင်ဥက္ကာက မြန်မာနိုင်ငံဘာသာပြန်စာအုပ်များ ထုတ်ဝေခဲ့မှုအခြေအနေနှင့် စာပေဗိမာန်အဖွဲ့ကြီးအကြောင်း၊ စာပေဆုများအကြောင်းကိုလည်းကောင်း၊ ဆရာမ တက္ကသိုလ် မြမဋ္ဌူက တရုတ်နှင့် မြန်မာတို့၏ တူညီသောစာပေပုံရိပ်များ၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ခိုင်မြဲခဲ့ပုံများကိုလည်းကောင်း၊ ဘာသာပြန်စာရေးဆရာ တော်ကောင်းမင်းက

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

တရုတ်ဘာသာမှ မြန်မာဘာသာသို့ ကိုယ်တိုင်ပြန်ဆိုခဲ့သော စာအုပ်များအကြောင်းနှင့် မြန်မာကဗျာနှင့် တရုတ်ကဗျာတို့၏ကာရန်ယူပုံ၊ အသံသာပုံတို့တူညီသော အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။ တက္ကသိုလ်ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကလည်း သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပါသည်။

ထို့နောက် တက္ကသိုလ်ဝင်းထဲမှ ထွက်ခွာပြီး နေ့လယ်စာစားကြသည်။ မွန်းလွဲ ၂ နာရီတွင် ကွမ်ကျိုး အထူးအမြန်ရထား (Hight Speed Train)ဖြင့် ယန်းရှို့ (Yang Zhau)သို့ ထွက်ခွာခဲ့လေသည်။ ရထားစီးချိန် သုံးနာရီခန့်အကြာတွင် ယန်းရှို့ဘူတာသို့ ရောက်ရှိခဲ့လေသည်။ ရထားလမ်းပတ်ဝန်းကျင် တစ်လျှောက်လုံးမှာတော့ စိမ်းလန်းစိုပြည်သော တောတောင်သဘာဝအလှအပများ၊ စနစ်တကျစိုက်ပျိုးထားသော စိုက်ခင်းများ၏အလှအပများက နေ့လယ်စာစားပြီး အိပ်ငိုက်လိုသော ကျွန်တော်တို့၏ စိတ်ဆန္ဒများကို ချေဖျက်နိုင်စွမ်းရှိလေသည်။ ရှုမြင်ရသော တောင်တန်းများမှာ စွန်းဝူခုံးဇာတ်လမ်းတွဲများထဲက ကောင်းကင်ဘုံအသွား တိမ်ခိုးတိမ်ငွေ့များအကြားမှ တောင်ထွတ်တောင်စွယ် အသွယ်သွယ်တို့အလား မြင့်မားသော တောင်တန်းများသည် ကြည့်မဝရှုမဆုံးနိုင်အောင် သာယာလှပါ၏။

**“အို . . . လွမ်းဘွယ် လျှိုဆန်းကြယ် ”**

ယန်းရှို့သို့ စတင်ရောက်ရှိသည့် ညနေချမ်းမှာပင် လျှိုဆန်းကြယ်ဆိုသည့် မိန်းမချောလေးကို ကျွန်တော်တို့ တွေ့မြင်ခဲ့ရလေသည်။ ထိုမိန်းမချောလေးကို အပြင်မှာတွေ့ရသည်တော့မဟုတ်။ ယန်းရှို့မြစ်ကမ်းနံဘေး သဘာဝတောင်စွယ်တောင်တန်းကြီးများနှင့် ဆည်းဆာအောက်က တိမ်ရောင်စုံများကို နောက်ခံပြုကာ မြစ်ရေပြင် (ယန်းရှို့မြစ်) ပေါ်မှာ ဇာတ်စင်ပြုလုပ် တင်ဆက်ဖျော်ဖြေသောဇာတ်ခုံပေါ်မှာဖြစ်လေသည်။

လျှိုဆန်းကြယ်ဆိုသည့် ဒေသခံအမျိုးသမီးလေးတစ်ဦး၏ ဇာတ်ကြောင်းကို ဇာတ်လမ်းဖွဲ့ဆိုကာ ရောင်စုံမီးဆလိုက်များ၊ ခေတ်မီစွာ တည်ဆောက်ထားသော ရေပေါ်ဆက်တင်များဖြင့် လှပစွာ စိတ်ဝင်စားဖွယ်ရာ ဖန်တီးတင်ဆက်ပုံမှာ အံ့သြဘနန်း ရှုစမ်းချင်စဖွယ် အနုပညာပရိယာယ်ကြွယ်ဝလှပေသည်။ မြစ်ပြင်ပေါ်မှာ တကယ့်လှေကြီးတွေနှင့် တကယ့်လူတွေ ပြေးလွှားသွားလာဖြတ်သန်းနေကြသည်မှာ သရုပ်ဆောင်ပုံနှင့်မတူဘဲ တကယ်ပင်သက်ဝင်လှုပ်ရှားနေသလို ထင်မြင်ရပေသည်။ လျှိုဆန်းကြယ်ဆိုသည်မှာ တရုတ်နိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်ကျော်ကာလက ဝန်ကြီးချုပ် ချူအင်လိုင်းလက်ထပ်တွင် အနုပညာဖန်တီးမှုဖြင့် ပြည်သူများ စိတ်ဓာတ်တက်ကြွလာစေရန် နိုင်ငံတော်တည်ဆောက်ရေးတွင် အနုပညာစွမ်းရည်ဖြင့် ဆွဲဆောင်စည်းရုံးနိုင်ရန် ဖန်တီးခဲ့သော ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ကြောင်းနှင့် ယခုအခါ ထိုဇာတ်ကား၏ အနှစ်သာရကို ရေပေါ်ဇာတ်သဘင်ပမာ ဖန်တီးတင်ဆက်ကပြခြင်းဖြစ်ကြောင်း သိရသည်။

မည်သို့ဆိုစေ ရိုးရာတေးသီချင်းသီဆိုမှုကို ဝါသနာအရင်းခံရှိသော မိန်းမချောလေး လျှိုဆန်းကြယ်ကို ဇာတ်လိုက်ထား ဖန်တီးထားသော ဇာတ်ဝင်ခန်းများကို ကြည့်ရှုရသည်မှာ တရုတ်ပြည်၏ ရုန်းကန်လှုပ်ရှားကြိုးစားခဲ့ရသော ခေတ်ဦးကာလကို အမှတ်ရလွမ်းတစရာပင်ဖြစ်ပေသည်။

စက်တင်ဘာလ ၇ ရက်နေ့တွင် မြစ်ရေပြင်ပေါ်ဝယ်ဖောင်စီးအပန်းဖြေရန် လိုက်လံပို့ဆောင်သည်။ ထို့နောက် ငွေရောင်သဘာဝလိုဏ်ဂူအား သွားရောက်လေ့လာသည်။ ညပိုင်းတွင် မြောင်လူမျိုးနှင့် တုန့်လူမျိုးတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှု လိပ်ပြာရောင်စုံပန်း ဥယျာဉ်ပွဲတော်နှင့် မီးပုံပွဲကို သွားရောက်လေ့လာကြည့်ရှုရသည်။ ပွဲခင်းအတွင်း အဝင်ဝတွင် ဒေသခံတိုင်းရင်းသားများက သီချင်းဆိုပြသည်။ မိမိတို့အဖွဲ့ကလည်း သီချင်းတစ်ပုဒ်ပြန်လည်၍ ဆိုပြရသည်။ သီချင်းဆိုပြီးတော့ ဝိုင်အရက်ချို တစ်ခွက်ကိုလည်း မသောက်မနေရ တစ်ခွက်သောက်ရပြန်သည်။ ထိုညက မီးပုံပွဲတွင် မိမိတို့ စာရေးဆရာများပါ ကပွဲအတွင်း တက်ရောက်လာသူများနှင့် လက်တွဲကာ တပျော်တပါး ပါဝင်ကပြခဲ့ကြသည်။

**ယန်းရှို့မှသည် ကွေ့လင်မှတစ်ဆင့် နန်နင်းသို့**

စက်တင်ဘာလ ၈ ရက်နေ့တွင် ဟိုတယ်မှ ဒေသစံတော်ချိန် နံနက် ၅ နာရီခွဲတွင် ဘတ်စ်ကားဖြင့် ထွက်ခွာသည်။ ဟိုတယ်မှ ဘူတာရုံသို့ နှစ်နာရီခန့်ကြာမြင့်အောင် မောင်းနှင်ရသည်။ ညှိလမ်းညွှန်ဖြစ်သူ အမျိုးသား၏အမည်က ကျန်းကျစ်ရုန်(Jiang Zhiyong) ဖြစ်ပြီး အသက် ၃၅ နှစ်ခန့်အရွယ်ရှိကာ ခင်မင်စရာကောင်းသည်။ စာပေအနုပညာကိုလည်း ဝါသနာပါသူဖြစ်ပြီး ကဗျာတွေလည်း ရွတ်ပြသည်။ သီချင်းတွေလည်း ဆိုပြသည်။ ထိုနေ့က ယန်းရှို့ဘူတာသို့အသွား ဘတ်စ်ကားပေါ်တွင် သူကဦးဆောင်၍ ကျွန်တော်တို့ စာရေးဆရာတစ်ဖွဲ့လုံးကို သီချင်းတစ်ပုဒ်စီ သီဆိုစေသည်။ ထို့နောက် မြန်မာစာရေးဆရာများအားလုံးကို သူက လွမ်းဆွတ်သတိရနေမှာပါဟု ပြောရင်း သူတတ်နိုင်သမျှ လက်ဆောင်လေးတွေပေးရှာသည်။ ကျွန်တော်တို့အားလုံးကလည်း ခင်မင်စွာနှုတ်ဆက်ကြသည်။ လက်ဆောင်တွေပေးကြသည်။ တာဝန်ကျေ၊ ဝတ္တရားကျေရုံသာမကဘဲ စေတနာမေတ္တာအပြည့်ဖြင့် ကူညီဆောင်ရွက်ပေးသည့် ညှိလမ်းညွှန်လေး ကျန်းကျစ်ရုန်ကို အားလုံးက မှတ်မှတ်ရရ ရှိကြသည်။

ရထားက နံနက် ၁၀ နာရီခွဲတွင် စတင်ထွက်ခွာသည်။ လမ်းတစ်လျှောက် ဖြတ်သန်းရပ်နားခဲ့သော ဘူတာရုံများမှာ လျှိုကျဲ့ပေ၊ လျှိုကျိုး၊ လိုင်ဘင်းဘော၊ ဘင်းယန် စသည့်ဘူတာတို့ ဖြစ်လေသည်။ ရထားမထွက်မီ ယန်းရှို့တွင်ရှိနေစဉ်က မိုးလေဝသအခြေအနေမှာ မကောင်းလှပေ။ နန်နင်းမြို့ဘက် မိုးတွေကြီး၍ လေတွေတိုက်နေသည်။ ရထားစီးတော့ ဘဝတက္ကသိုလ် ဦးနေဝင်းနှင့် ကျွန်တော်က တစ်ခုံတည်းအတူထိုင်ရသည်။ သူက သူ့တယ်လီဖုန်းတွင် နန်နင်းမှာ မိုးသည်းထန်စွာ ရွာသွန်းနေပုံကို ပြသည်။

“စိတ်မပူပါနဲ့ဆရာ . . . အဆင်ပြေသွားမှာပါ”

ကျွန်တော်က ဘာမှစိတ်မပူသလို နှစ်သိမ့်ပေးလိုက်သည်။ တော်ပါသေးသည်။ နန်နင်းကို ကျွန်တော်တို့ ရောက်သည့် မွန်းလွဲ ၁ နာရီခန့်တွင် ရာသီဥတု ကြည်လင်သာယာနေသည်။ ရွာနေသောမိုးတို့ ရပ်တန့်၍ နေရောင်ခြည်လေးလင်းလက်နေသည်ကို တွေ့မြင်ရသည်။

> **❝ လျှိုဆန်းကြယ်ဆိုသည့် ဒေသခံအမျိုးသမီးလေးတစ်ဦး၏ ဇာတ်ကြောင်းကို ဇာတ်လမ်းဖွဲ့ဆိုကာ ရောင်စုံမီးဆလိုက်များ၊ ခေတ်မီစွာ တည်ဆောက်ထားသော ရေပေါ်ဆက်တင်များဖြင့် လှပစွာ စိတ်ဝင်စားဖွယ်ရာ ဖန်တီးတင်ဆက်ပုံမှာ အံ့သြဘနန်း ရှုစမ်းချင်စဖွယ် အနုပညာပရိယာယ်ကြွယ်ဝလှပေသည်။ မြစ်ပြင်ပေါ်မှာ တကယ့်လှေကြီးတွေနှင့် တကယ့်လူတွေ ပြေးလွှားသွားလာဖြတ်သန်းနေကြသည်မှာ သရုပ်ဆောင်ပုံနှင့်မတူဘဲ တကယ်ပင်သက်ဝင်လှုပ်ရှားနေသလို ထင်မြင်ရပေသည်။ လျှိုဆန်းကြယ်ဆိုသည်မှာ တရုတ်နိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်ကျော်ကာလက ဝန်ကြီးချုပ် ချူအင်လိုင်းလက်ထပ်တွင် အနုပညာဖန်တီးမှုဖြင့် ပြည်သူများ စိတ်ဓာတ်တက်ကြွလာစေရန် နိုင်ငံတော်တည်ဆောက်ရေးတွင် အနုပညာစွမ်းရည်ဖြင့် ဆွဲဆောင်စည်းရုံးနိုင်ရန် ဖန်တီးခဲ့သော ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ကြောင်းနှင့် ယခုအခါ ထိုဇာတ်ကား၏ အနှစ်သာရကို ရေပေါ်ဇာတ်သဘင်ပမာ ဖန်တီးတင်ဆက်ကပြခြင်းဖြစ် ❞**

အားလုံးဝမ်းသာ ပျော်ရွှင်ကြပါ၏။ ကြိုတင်ရောက်ရှိနေသော ညှိလမ်းညွှန် ရှောင်ဖုန်း (Xiao Feng)၏ စီစဉ်ပေးမှုဖြင့် နေ့လယ်စာစားပြီး B12 ဟိုတယ်သို့ ဆက်လက်ထွက်ခွာကြသည်။ ညနေပိုင်းတွင် နန်နင်းကုန်စည်ပြပွဲ ကျင်းပပြုလုပ်မည့် China Asian Convention and Exihibition Centre သို့ သွားရောက်လေ့လာသည်။ ထို့ပြင် မျက်နှာချင်းဆိုင်ရှိ Jeyong Shopping Centre သို့ လည်ပတ်ကြည့်ရှုကြသည်။

**တရုတ်–မြန်မာ စာပေများ အပြန်အလှန်**
**ဘာသာပြန်ဆိုရေး ဆွေးနွေးတိုင်ပင်**

စက်တင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းတွင် ကွမ်ရှီးပုံနှိပ်ထုတ်ဝေးရေးနှင့် မီဒီယာလုပ်ငန်းစုမှ တာဝန်ရှိသူများနှင့် မြန်မာစာရေးဆရာအဖွဲ့တို့ လီကျန်းစာပေတိုက်(Lijiang Academy )၌ တွေ့ဆုံကြသည်။ အဓိကရည်ရွယ်ချက်ကတော့ စာပေဖန်တီးမှုလက်ရာများ အပြန်အလှန်ပူးပေါင်းဖလှယ်ရေးနှင့် နှစ်နိုင်ငံပြည်သူများ ပိုမိုချစ်ကြည်ရင်းနှီးမှုရရှိရေး၊ စာပေကလောင်စွမ်းအားဖြင့် အားထုတ်ကြရေးပင်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ကွမ်ရှီးပုံနှိပ်ထုတ်ဝေရေးမီဒီယာလုပ်ငန်းစုခေါင်းဆောင် လိလိုင်ယို (Li Liang Yo)၊ ကွမ်ရှီးစာရေးဆရာအသင်းဥက္ကဋ္ဌ ထျန်သိုက်လင် (Tuan Dai Lin) နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) တို့က ဦးဆောင်ဆွေးနွေးကြသည်။ ထို့နောက် မြန်မာစာရေးဆရာ ဦးစိုးမြင့် (ရဲမင်းစိုး)၊ ဒေါ်ခင်ဝတ်ရည် (ဝတ်ရည်ခင်–ပဲခူး)၊ သီဟရတနာ ဦးသိမ်းစိုးနှင့် ဘာသာပြန်စာရေးဆရာ တော်ကောင်းမင်းတို့ကလည်းကောင်း၊ တရုတ်စာရေးဆရာများဖြစ်ကြသော လိလိုင်ယို(Li Liang Yo)၊ ထျန်သိုက်လင် (Tuan Dai Lin)၊ ကျန်းကျင်းလု (Zhang Zinlu)၊ လျှိုဒီချိုင် (Lu Dicai) တို့ကလည်းကောင်း ကျယ်ကျယ်ပြန့်ပြန့် ပါဝင် ဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲတွင် မြန်မာစာရေးဆရာ တော်ကောင်းမင်းသည် တရုတ်သမ္မတကျန်ဇီမင်းစာအုပ်ကို ဘာသာပြန်ဆိုခဲ့ရာမှ ၂၀၀၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရရှိခဲ့သူဖြစ်သဖြင့် တရုတ်စာရေးဆရာများ၏ စိတ်ဝင်စားခြင်းကိုခံရသူလည်း ဖြစ်လေသည်။

**နှစ်လွှာတစ်ခက် စွယ်တော်ရွက်ကဗျာ ကွမ်ရှီးတက္ကသိုလ်မှာ**

ထိုနေ့ညနေပိုင်းတွင် ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်သို့ သွားရောက်ကာ စာပေဖလှယ်ရေး တွေ့ဆုံဆွေးနွေးရသည်။ တက္ကသိုလ်ဆရာ ဆရာမများ၊ မြန်မာစာအဓိက တရုတ်လူမျိုး တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် စာပေရေးရာဆွေးနွေးရေးပင်ဖြစ်လေသည်။ တက္ကသိုလ်အဝင်ဝရောက်သည်နှင့် အသက် ၄၀ ခန့်အရွယ် ဆရာတစ်ဦးနှင့်အတူ အသက် ၂၀ ကျော်အရွယ် လူငယ်လေးတစ်ဦးက သွက်လက်ချက်ချာစွာ လာရောက်နှုတ်ဆက်သည်။

“ကျွန်တော် မောင်ထက်အာကာပါခင်ဗျာ။ ဆရာကြီးတို့ကို ဝမ်းမြောက်စွာ ကြိုဆိုပါတယ်”

ပြောလိုက်သည့်လူငယ်က တရုတ်အမျိုးသားလေး။ သို့သော် မြန်မာလိုနှုတ်ဆက်တာ ချောလို့ပါလား။ မြန်မာစာဂုဏ်ထူးတန်းတတ်နေတာပါတဲ့။

အစည်းအဝေးခန်းမတွင်းမှာတော့ ဒုတိယပါမောက္ခချုပ် ကောင်းရှင်းယွီ (Gao Xinyu)၊ အာဆီယံကောလိပ် အမြဲတမ်းဒုတိယကျောင်းအုပ်ကြီး လက်ထောက်ပါမောက္ခ ယဲ့ရှင်းယိ(Ye Xinyi)၊ တရုတ်စာပေကောလိပ် ဒုတိယကျောင်းအုပ်ကြီး လက်ထောက်ပါမောက္ခ ဟယ်ဆန်းယန့်၊ အရှေ့တောင်အာရှဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ် လက်ထောက်ပါမောက္ခ ဟွမ်ဝေးစိန်း (Huan Weishan)တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။ သူတို့၏ ဆွေးနွေးချက်များအရ မြန်မာကဗျာ မြန်မာစာအပေါ် အလေးဂရုပြုတန်ဖိုးထားပုံနှင့် နှစ်နိုင်ငံချစ်ကြည်ရေးကို မြှင့်တင်နိုင်ရေးစိတ်အားထက်သန်ပုံတို့ကို ကြားရမြင်ရသဖြင့် မိမိကလည်း ချစ်ကြည်ရေးကိုဦးတည်ဆွေးနွေးရင်း ချစ်ကြည်ရေးကဗျာလေးတစ်ပုဒ်ကို ရွတ်ဆိုပြခဲ့သည်။

“ကျွန်တော်က Selected Chinese Poems Through the Ages ဆိုတဲ့ ဒီတရုတ်ကဗျာ ၈၄ ပုဒ်ကို ဘာသာပြန်ဆို ထုတ်ဝေခဲ့ပါတယ်။ ဒီစာအုပ်လေးက တရုတ်၊ အင်္ဂလိပ်၊ မြန်မာသုံးဘာသာဖြစ်ပါတယ်။ ဒီကဗျာလေးတွေဖတ်ရှုပြီး ခေတ်အဆက်ဆက် တရုတ်စာဆိုတွေကို လေးစားမိပါတယ်။ တရုတ်လူမျိုးတို့ရဲ့ မိမိတိုင်းပြည်၊ မိမိလူမျိုးကို ချစ်မြတ်နိုးတတ်တဲ့ မျိုးချစ်စိတ်ထက်သန်တဲ့စရိုက်ကို အထူးသတိပြုမိပါတယ် . . .

“တရုတ်နဲ့ မြန်မာဟာ နှစ်နိုင်ငံနယ်မြေချင်းထိစပ်နေတဲ့ ဒေသအတိုင်းအတာဟာ ရှည်လျားလှပါတယ်။ မြန်မာနဲ့ တရုတ်ဟာ ကမ္ဘာတည်သရွေ့ အတူတကွ ယှဉ်တွဲတည်ရှိနေမှာ ဖြစ်ပါတယ်။ မြန်မာစာပေလောကမှာ အမြဲယှဉ်တွဲ မခွဲမခွာတဲ့ ချစ်သူနှစ်ဦးကို နှစ်လွှာတစ်ခက် စွယ်တော်ရွက်ပမာလို့ တင်စားဖွဲ့နွဲ့ကြပါတယ် . . .

“ကျွန်တော်တို့ နှစ်နိုင်ငံဟာလည်း ဒီအတိုင်းပါပဲ။ ခေတ်အဆက်ဆက်က တည်ဆောက်ခိုင်မြဲခဲ့တဲ့ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန်အတွက် နှစ်လွှာတစ်ခက် စွယ်တော်ရွက်လို လက်တွဲညီညီ ရှေ့ဆက်ချီကြဖို့ လိုအပ်ပါတယ်။”

စွယ်တော်ရွက်ကို သူတို့အလွယ်တကူမသိမှာစိုး၍ မြန်မာပြည်က တကူးတကနဲ့ သယ်ယူခဲ့သော စွယ်တော်ရွက်လေးကို ပြကာ ပြကာဖြင့် ကဗျာရွတ်သည်။ ထို့နောက် ထိုကဗျာကိုပင် တရုတ်ဘာသာဖြင့် ရွတ်ဆိုပြလိုက်သည်။ သူတို့အားလုံး လက်ခုပ်သြဘာတီးကြသည်။ တကယ်တော့ ကျွန်တော်သည် တရုတ်စကားလုံးဝမတတ်ပါ။ ကြိုတင်စိတ်ကူးရှိသဖြင့် စကားပြန် မမြတ်မြတ်ဦး အားကိုးဖြင့် လေယာဉ်စီးရင်း ခေတ္တအနားရသည့်အချိန်များကို အသုံးပြုရင်း မြန်မာအသံထွက်ဖြင့် အလွတ်ကျက်မှတ် ရွတ်ဆိုပြခြင်းပင်ဖြစ်တော့သည်။ ထိုကဗျာလေးကိုတော့ နိဂုံးပိုင်းရောက်မှ တင်ပြလိုပါသည်။

စာမျက်နှာ ၈ သို့ ☆

# မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ်အမှတ်တရ သစ်ပင်စိုက်ပျိုးပွဲကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ-ရုရှားခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာ ခရီးစဉ် (Familiarization Trip- FAM Trip) တွင် လိုက်ပါလာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ခရီးသွားလုပ်ငန်းဆောင်ရွက်နေသူများနှင့် ခရီးသွားအေဂျင်စီများမှ ကိုယ်စားလှယ်များ အမှတ်တရ သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါ စိုက်ပျိုးပွဲသို့ ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြန်မာ-ရုရှား ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ်တွင် လိုက်ပါလာကြသည့် ကိုယ်စားလှယ်များအား ဝန်ကြီးဌာန၏ နီလာအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ မကြာမီကာလတွင် ခရီးသွားရာသီ ရောက်ရှိလာတော့မည်ဖြစ်၍ ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်ရေးအတွက် ခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်းကို ရုရှားနိုင်ငံရှိ လူမှုကွန်ရက် စာမျက်နှာများတွင် သာမက လူသိများသော သတင်းမီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဖော်ပြပေးစေလိုကြောင်း၊ နှစ်နိုင်ငံအကြား အားကစားနှင့် စွန့်စားခရီးသွားလုပ်ငန်းဆိုင်ရာ လှုပ်ရှားမှုများတွင် ကျွမ်းကျင်ပညာရှင်များနှင့် သတင်း အချက်အလက်များ ဖလှယ်လိုကြောင်း၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့ပါစေကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းမှ တာဝန်ရှိသူနှင့် Space Travel Agency မှ တာဝန်ရှိသူများက နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ရုရှားနိုင်ငံ၏ ဆောင်းရာသီကာလတွင် ရုရှားအားကစားသမားများ မြန်မာနိုင်ငံ၌ ရက်ရှည်လာရောက်တည်းခိုနေထိုင်၍ လေ့ကျင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များ၊ ရုရှားခရီးသွား ဧည့်သည်များ ငွေပေးချေမှုနှင့်စပ်လျဉ်း၍ ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးနှင့် အသက်အာမခံထားရှိရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံသို့ ရုရှားခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လည်ပတ်စေရေးအတွက် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပူးပေါင်းဆောင်ရွက် ပေးသွားမည့် အခြေအနေများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က အသက် ၁၀၀ ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၊ စိန်ပန်းရပ်ကွက် ဂွမ်းရုံဈေးရပ်နေ မော်ကွန်းဝင် ဒုတိယအဆင့် တပ်သားချစ်မောင် (အငြိမ်းစား) အသက် ၁၀၀ အား ဂါရဝပြု သွားရောက်တွေ့ဆုံပြီး ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ဦးစွာ မော်ကွန်းဝင် ဒုတိယအဆင့် တပ်သားချစ်မောင် (အငြိမ်းစား) အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀၊ မန္တလေးတိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ နှင့် မဟာအောင်မြေမြို့နယ်မှ ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ဂါရဝပြု ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



☆ စာမျက်နှာ ၇ မှ

ထိုနေ့ည ညစာကို အဆိုပါတက္ကသိုလ်ဒုတိယပါမောက္ခချုပ်က တည်ခင်းဧည့်ခံသည်။ တက္ကသိုလ်ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများသည် နေ့လယ်က ပြုလုပ်ခဲ့သော စာပေစကားဝိုင်း၏ နောက်ဆက်တွဲအဖြစ် သိချင်တာတွေမေးကြ၊ ဓာတ်ပုံတွေအတူရိုက်ကြနှင့် စည်ကားစိုပြည်လှပေသည်။ ထိုနေ့ညနေက သာယာဝတီမြို့သူ မြန်မာစာဆရာမကြီး ဒေါ်ဝတီသွင်ကို တွေ့ဆုံခဲ့ပါသည်။ ဤတက္ကသိုလ်တွင် တာဝန်ယူသင်ကြားပေးနေသည်မှာ ၁၆ နှစ်ပင်ကျော်ခဲ့ပြီဟု သိရသည်။ နိုင်ငံခြားတိုင်းပြည်တွင် ကိုယ့်မြန်မာပြည်မှ ပညာတတ်ဆရာမကြီးကို ရှုမြင်ရတာ ပီတိဖြစ်လှပါဘိသည်။

ထိုနေ့ညနေပိုင်းတွင် ကျွန်တော့်ထံသို့ Viber မှတစ်ဆင့် မိန်းကလေးတစ်ဦးဆက်သွယ်လာသည်။ မြန်မာနိုင်ငံတွင် ကျန်ရစ်ခဲ့သည့် တရုတ်ယဉ်ကျေးမှုသံရုံးမှ မန္တလေး ကဗျာ။

ဤခရီးစဉ်မှာ သူနှင့်ကျွန်တော် တိုင်ပင်ဆွေးနွေးရာမှ အကောင်အထည်ပေါ်လာခြင်းဖြစ်သည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ထွက်ခွာသည့်နေ့ကလည်း လေဆိပ်တွင် သူ၏ ယဉ်ကျေးမှုသံမှူးနှင့်အတူ လာရောက်ပို့ဆောင်သည်။ ခရီးစဉ်၏ မြို့တစ်မြို့စီကို ရောက်တိုင်းလည်း အဆင်ပြေလား၊ မပြေလား မေးမြန်းသည်။ လိုအပ်တာမှန်သမျှ စကားပြန် မမြတ်မြတ်ဦးနှင့် ဧည့်လမ်းညွှန် ဝင်းပပတို့မှ တစ်ဆင့် ကူညီပေးသည်။ သွားရေးလာရေး၊ စားရေးသောက်ရေးမှအစ လိုလေသေးမရှိအောင် စီမံပေးသည်။ ယခု သူနှင့် အပြန်အလှန်ပြောဆိုရသည်က -

"ဆရာ နန်နင်းမှာ အဆင်ပြေရဲ့လား။ မနက်ဖြန်ဆို ယီချန်းကို သွားရတော့မှာလေ"

ဩော် . . . ဟုတ်ပေသား။ သူပြောမှ ခရီးစဉ်ကို အသေအချာကြည့်မိသည်။ မနက်ဖြန် နံနက် ၇ နာရီခွဲအချိန် နန်နင်းလေဆိပ်မှ ထွက်ခွာရမှာပါလား။

"ပြေပါတယ်။ နန်နင်းမြို့က သိပ်သာယာတယ်။ သိပ်ပြီး တိုးတက်ဖွံ့ဖြိုးစည်ကားသလို တည်းရတဲ့ဟိုတယ်ကလည်း အဆင့်မြင့်တယ်။ အထူးသဖြင့် ကွမ်းရှီးတက္ကသိုလ်က မြန်မာစာချစ်မြတ်နိုးတဲ့ ကလေးတွေနဲ့ တွေ့ရတာ ကြည်နူးမိတယ်"

ကျွန်တော်ကသည်လိုပြောတော့ တစ်ဖက်မိန်းကလေးက ချိုလွင်စွာရယ်မောရင်း -

"ဝမ်းသာလိုက်တာဆရာ။ သမီးက ကွမ်းရှီးတက္ကသိုလ်မှာ ပညာသင်ယူခဲ့သူပါ။ ပြီးတော့ ဒီတက္ကသိုလ်မှာပဲ မြန်မာစာပြဆရာမ တာဝန်ထမ်းဆောင်ခဲ့တာပါ။ သမီးရဲ့ဇာတိမြို့ကလည်း နန်နင်းမြို့ပါ။ သမီးတို့မြို့ကိုရောက်တုန်း ကိုယ်တိုင်လိုက်ပို့ချင်ပါတယ်ဆရာ။ အဆင်ပြေတယ်ဆိုလို့ ဝမ်းသာပါတယ်"

ဩော် . . . လက်စသတ်တော့ မန္တလေး ကဗျာက နန်နင်းမြို့သူပါလား။ အစစအရာရာ တိုးတက်စည်ကားလျက်ရှိသော နန်နင်းမြို့ကြီး၏ အလှအပတွေနဲ့ တင့်တယ်ပြည့်စုံမှုတွေက ဂုဏ်ယူဖွယ်ဖြစ်သလို နန်နင်းမြို့သူ၏ အသက်အရွယ်နှင့်မလိုက်အောင် စီမံခန့်ခွဲနိုင်စွမ်းရှိပုံကိုလည်း မချီးမွမ်းဘဲမနေနိုင်။

"မနက်ဖြန်ကျရင် သမီးတို့တိုင်းပြည်ရဲ့ မိခင်မြစ်ကြီးဖြစ်တဲ့ ယန်စီမြစ်ကြီးရဲ့အလှနဲ့ မြစ်ကျဉ်းသုံးသွယ်ဒေသရဲ့ အလှအပတွေကို တွေ့မြင်ရပါမယ် . . .

"နောက်ပြီး ထုလူမျိုးတို့ရဲ့ ရိုးရာဓလေ့တွေနဲ့ မြစ်ကျဉ်းသုံးသွယ် ရေကာတာကြီးကိုလည်း ဆက်ဆက်သွားပြီး လေ့လာဖို့ သမီးတို့ စီစဉ်ထားပါတယ်"

ကျေးဇူးတင်ပါကြောင်းပြောအပြီး နောက်တစ်နေ့ခရီးစဉ်ကို ပြင်ဆင်ရလေသည်။ အသက် ၃၀ အရွယ်မျှသာ ရှိသေးသော်လည်း စာပေဖလှယ်ရေးတာဝန်၊ ယဉ်ကျေးမှုဖလှယ်ရေးတာဝန်၊ သံတမန်တာဝန်တို့ ကျေပွန်လှသော မိန်းကလေးကို လေးစားခင်မင်စိတ်ဖြင့် နောက်တစ်နေ့ လေ့လာရေးခရီးစဉ်တွင် ယန်စီမြစ်ကြီးပေါ်တွင် Three Gorges သင်္ဘောကြီးစီးရင်း ကဗျာလေးတစ်ပုဒ်ရေးဖြစ်သည်။

**နန်နင်းမြို့သူ နှဲ့ပျိုဖြူ**

❖ တရုတ်မြန်မာ၊ ချစ်ကြည်စွာလျှင်
စာပေဆွေးနွေး၊ ဖလှယ်ရေးနှင့်
ယဉ်ကျေးမှုချင်း၊ ပေါင်းစပ်နှင်းရန်
ဆောင်ကြဉ်းအမှန်၊ သူစီမံသည်
နန်နင်းမြို့သူ နှဲ့ပျိုဖြူ။

❖ ကွမ်ကျိုးဒေသ၊ ဘယ်လိုလှကြောင်း
စိမ်းမြတောင်တို့၊ မှိုင်းညို့ညို့နှင့်
ယန်းရှီ့မြစ်ကမ်း၊ သာပုံဆန်းကြောင်း
ရွှင်လန်းဖွယ်ရာ၊ နန်နင်းမှာလည်း
သွားလာလည်ပတ်၊ လေ့လာအပ်ကြောင်း
မပြတ်ဆိုပြော၊ ခွန်းချိုနှောရင်း
သာမောလှသည်၊ သူတို့ပြည်နှင့်
ချစ်ကြည်စေဖွယ်၊ ချစ်ကြိုးသွယ်သည်
နုငယ်လှသူ နှဲ့ပျိုဖြူ။

❖ ဩော် . . .
ချစ်ကြည်ရေးသံတမန်
ယဉ်ကျေးမှုသံတမန်
စာပေသံတမန်
တမန်သမီးကောင်း၊ ဖြစ်ဘိကြောင်းကို
ကောင်းစွာသိလတ်၊ ဖြည့်ဆည်းတတ်သည့်
ရပ်ကြီးမြို့သူ၊ နှဲ့ပျိုဖြူ၏
ဟန်မူမပါ၊ စေတနာကို
မြန်မာသရုပ်၊ ကဗျာတစ်ပုဒ်ဖြင့်
ကျွန်ုပ်ဂုဏ်ပြုရပါကြောင်း။ ။

(မြစ်ကျဉ်းသုံးသွယ် Three Gorges သင်္ဘောပေါ်တွင် ရေးသည်။)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၁**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။

သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁)ကို ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး **စာမျက်နှာ ၁၀ သို့** ○



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆)မှ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။





ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။



ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။






○ စာမျက်နှာ ၉ မှ

သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်။

**ပထမ**

ကျွန်တော်ဟိုအရင် အပတ်စဉ်တွေကတည်းက ပါချင်နေခဲ့တာပါ။ ဒါပေမဲ့ ကိုယ်ကျတဲ့ အပတ်စဉ်(၆) မှာ ကျတော့လည်း အပတ်စဉ် (၆)မှာ ကျွန်တော် တက်တာပါဗျ။ မိဘတွေကတော့ ဂုဏ်ယူပါတယ်ဗျ။ ကျွန်တော် ဒီသင်တန်းကိုရောက်လာတာကတော့ အရင်ကတစ်ယောက်တည်းပါ။ ဒီသင်တန်းမှာတော့ သူငယ်ချင်းပေါင်း အယောက် ၂၀၀ ကျော်လောက်ထိ ရခဲ့ပါတယ်။ အခု ကျွန်တော်တို့ ကျတဲ့တာဝန်ကို ထမ်းဆောင်သွားမှာပါ။ ကိုယ့်မိသားစုအတွက် မဟုတ်ပါဘူး။ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်သွားမှာပါ။

**ဒုတိယ**

ကျွန်တော် ပြည်သူ့စစ်မှုထမ်း လာရောက် တက်ရောက်ရတာ ပျော်လည်း ပျော်ပါတယ်ဗျ။ ကျွန်တော်ဒီထဲကို ရောက်တာကလည်း ကျွန်တော့်ရဲ့အပေါင်းအသင်းသူငယ်ချင်းတွေနဲ့လည်း တွေ့ရတဲ့အတွက် အလွန်ကို ဝမ်းသာပါတယ်ဗျ။ ဒီသင်တန်းက သင်ကြားပေးမယ့် စစ်ပညာရပ်တွေကို လေ့လာသင်ယူရာမှာလည်း ကျွန်တော် ဆုရအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သင်တန်းဆင်းသွားမယ့် အချိန်မှာလည်း ကျတဲ့နေရာမှာ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

**သတင်းစဉ်**



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

○ မြန်မာအမျိုးသားမှ

အဆိုပါ ရန်ကုန် – ပုသိမ် – ညောင်ဦး – မန္တလေး ခရီးစဉ်ကို တနင်္ဂနွေနေ့တွင် ရန်ကုန်မှ နံနက် ၆နာရီခွဲတွင် ထွက်ခွာပြီး ပုသိမ်သို့ နံနက် ၇ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ နံနက် ၇ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး ညောင်ဦးသို့ ၉ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ညောင်ဦးမှ ၉ နာရီ ၂၅ မိနစ်တွင် ထွက်ခွာပြီး မန္တလေးသို့၁၀ နာရီတွင်လည်းကောင်း၊ တနင်္လာနေ့တွင် မန္တလေး – ညောင်ဦး– ပုသိမ် – ရန်ကုန် ခရီးစဉ်များကို မန္တလေးမှ မွန်းလွဲ ၃နာရီတွင် ထွက်ခွာပြီး ညောင်ဦးသို့ မွန်းလွဲ ၃ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ညောင်ဦးမှ မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ပုသိမ်သို့ ညနေ ၅ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ ပုသိမ်မှ ၅ နာရီ မိနစ် ၅၀ တွင် ထွက်ခွာပြီး ရန်ကုန်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

ယင်းခရီးစဉ်အတွက် သတ်မှတ်ထားသောဈေးနှုန်းမှာ ရန်ကုန်မှ ပုသိမ်သို့ ငွေကျပ် ၁၆၀၀၀၀၊ ပုသိမ်မှ ညောင်ဦးသို့ ငွေကျပ် ၂၈၀၀၀၀၊ မန္တလေးမှ ညောင်ဦးသို့ ငွေကျပ် ၂၀၀၀၀၀၊ ရန်ကုန်မှ ညောင်ဦးသို့ ငွေကျပ် ၂၉၀၀၀၀ သတ်မှတ်ထားပြီး ATR 72–600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ခာတ်ခွဲနမူနာစုစုပေါင်း ၁၀၂၅၂ ခု စစ်ဆေးပြီးစီး
## ကိုဗစ် - ၁၉ ရောဂါ ခာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၂၁-၁၀-၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီ**

ကျန်းမာရေး ဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ(၁၃–၁၀–၂၀၂၄) ရက်နေ့၊ ည(၈:၀၀)နာရီမှ (၂၀–၁၀–၂၀၂၄)ရက်နေ့ ည(၈:၀၀)နာရီအထိ ရက်သတ္တပတ်အတွင်း ခာတ်ခွဲနမူနာစုစုပေါင်း (၁၀၂၅၂)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ခာတ်ခွဲအတည်ပြုလူနာသစ် (၁၃)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀.၁၃ ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်–၁၉ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

■



## ညောင်ဦးမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူပြီးစီး

**ညောင်ဦး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ရာခိုင်နှုန်းပြည့် ကောက်ယူပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ ၁၇ ရက်အထိ သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းဖြစ်ပြီး ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ကောက်ကွက်ပေါင်း ၅၇၃ ကွက်ရှိကာ၊ ကောက်ကွက်အဖွဲ့ ၄၁ ဖွဲ့ဖြင့် နေ့စဉ်ကောက်ယူခဲ့ရာ အောက်တိုဘာ ၁၇ ရက်တွင် ကောက်ကွက်အားလုံး ရာခိုင်နှုန်းပြည့် ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက စနစ်တကျ ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
(က) သာသနာ့ဝန်ထမ်းများ။
(ခ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-
(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
(ခ) နိုင်ငံ့ဝန်ထမ်းများ။
(ဂ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ
(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ၂၀၂၄ ခုနှစ် အောက်တိုဘာလ (တတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ။** ။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ။** ။ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ။** ။ချင်းပြည်နယ်တွင် ၄၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၁ ဒီဂရီဖာရင်ဟိုက်မှ ၇၀ ဒီဂရီဖာရင်ဟိုက် အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ။** ။နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၈၄ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်း အတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ။** ။စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၂၂ မီလီမီတာ မှ ၃၃ မီလီမီတာ အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၄ မီလီမီတာ မှ ၄၄ မီလီမီတာ အတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ။** ။စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင် ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင် ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်) အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၀-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၁၀-၂၀၂၄ မှ ၂၂-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ၂၀-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀) နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# လေဖိအားနည်းဆဲလ် ပိုမိုအားကောင်းလာ

**နေပြည်တော် အောက်တိုဘာ ၂၁**

ယနေ့နံနက် ၅နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် အနောက်-အနောက် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် ပိုမိုအားကောင်းလာနိုင်ကာ နောက် ခြောက်နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ ထိုမှတစ်ဆင့်အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းဆဲလ်နှင့် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်းတို့၏ အရှိန်ကြောင့် ယနေ့နံနက်မှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများ အနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများ အနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# မအူပင်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပြိုကျ၊ အမိုးလန်ပျက်စီး

**မအူပင် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စစ်ချောင်းကျေးရွာအုပ်စု စက်ကြီးပိုင်းကျေးရွာနှင့် ကျွန်းထိပ်ကုက္ကိုတန်းကျေးရွာတို့တွင် ယမန်နေ့က မိုးရွာသွန်းပြီးလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်လေးလုံးပြိုကျ ပျက်စီးခဲ့ပြီး နေအိမ်ရှစ်လုံးအမိုးလန်ပျက်စီးခဲ့သည်။

အလားတူ နတ်စဉ်ကျေးရွာတွင် နေအိမ်တစ်လုံးပြိုကျပျက်စီးပြီး နေအိမ်နှစ်လုံး တစ်စိတ်တစ်ပိုင်းအမိုးလန်ပျက်စီးမှုနှင့် ဆင်ကူးရွာမကျေးရွာတွင် နေအိမ် ၁၂ လုံးအမိုးလန်ပျက်စီးခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျနေအိမ်နှင့် အမိုးလန်ပျက်စီးခဲ့သည့်နေအိမ်များရှိ မိသားစုဝင်များအား နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တပြောင်းရွှေ့နေထိုင်စေပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များက နေအိမ်များ ပြန်လည်ဆောက်လုပ်နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

**❂ အားကောင်းသောမှ**

အောက်တိုဘာ ၂၂ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အရှေ့ အလယ်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ကာ အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ၊ သြရိဿပြည်နယ်ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ထိုမှတစ်ဆင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် သြရိဿပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# အင်ဒိုနီးရှားသမ္မတသစ် ပရာဘိုဝို ဆူဘီယန်တိုနှင့် တရုတ်ဒုတိယသမ္မတ ဟန်ကျိန့်တို့ တွေ့ဆုံဆွေးနွေး

ဂျကာတာ အောက်တိုဘာ ၂၁

အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိနေသည့် တရုတ်နိုင်ငံ ဒုတိယသမ္မတ ဟန်ကျိန့်သည် အင်ဒိုနီးရှား သမ္မတသစ် ပရာဘိုဝို ဆူဘီယန်တိုနှင့် အောက်တိုဘာ ၂၀ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

အင်ဒိုနီးရှား သမ္မတသစ် ပရာဘိုဝို ဆူဘီယန်တို၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပခဲ့ရာ အဆိုပါအခမ်းအနားသို့ တရုတ်ဒုတိယသမ္မတ ဟန်ကျိန့် တက်ရောက်သည်။

အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် သမ္မတ ပရာဘိုဝို ဆူဘီယန်တို တရုတ်နိုင်ငံသို့ လာရောက်ခဲ့ခြင်းသည် ၎င်း၏ တရုတ်နိုင်ငံအပေါ် မိတ်ဆွေအဖြစ် ရပ်တည်နေမှုကို အထင်အရှားပြသခြင်းဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးပိုမိုမြှင့်တင်မည့် ၎င်း၏ ဆန္ဒသဘောထားကို ပြသခြင်းဖြစ်သည်ဟု တရုတ်ဒုတိယသမ္မတ ဟန်ကျိန့်က ထပ်လောင်းပြောကြားသည်။

သမ္မတ ပရာဘိုဝိုသည် ၎င်း၏ မိန့်ခွန်း၌ အဓိကဆောင်ရွက်မည့်လုပ်ငန်းများတွင် စားရေရိက္ခာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည့် အချက်များသည် တရုတ်သမ္မတ ရှီကျင့်ဖျင်၏ ပြည်သူကို ဗဟိုပြုဆောင်ရွက်သည့် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်များနှင့် ကိုက်ညီမှုရှိကြောင်း ဒုတိယသမ္မတ ဟန်ကျိန့်က ထပ်လောင်းပြောကြားသည်။

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုဦးဆောင်သည့် အစိုးရသစ်အပေါ် တရုတ်နိုင်ငံက ထောက်ခံကြောင်းနှင့် သမ္မတသစ်ပရာဘိုဝို ဆူဘီယန်တို၏ ဦးဆောင်မှုအောက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ဖွံ့ဖြိုးတိုးတက်မှုများရရှိမည်ဟု ယုံကြည်ကြောင်း တရုတ်ဒုတိယသမ္မတ ဟန်ကျိန့်က ပြောကြားသည်။ တရုတ် - အင်ဒိုနီးရှား နှစ်နိုင်ငံခေါင်းဆောင်များ ချမှတ်ခဲ့သည့် မဟာဗျူဟာမြောက် လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် တရုတ်နိုင်ငံက ဆန္ဒရှိကြောင်းနှင့် နှစ်နိုင်ငံအကြား မျှဝေသည့် အနာဂတ်ကို ဖော်ဆောင်နိုင်သည့် အသိုက်အဝန်းတစ်ခုကို အဆင့်မြှင့်တင်တည်ထောင်ပြီး ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းကာ ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးကိုလက်တွဲဖော်ဆောင်သွားရန် ဆန္ဒရှိကြောင်း တရုတ်ဒုတိယသမ္မတ ဟန်ကျိန့်က မှတ်ချက်ပြုပြောကြားသည်။


အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုနှင့် တရုတ်ဒုတိယသမ္မတ ဟန်ကျိန့်တို့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အောက်တိုဘာ ၂၀ ရက်က တွေ့ဆုံဆွေးနွေးစဉ်။

အင်ဒိုနီးရှား သမ္မတဟောင်း ဂျိုကိုဝီဒိုဒိုလက်ထက်တွင် ထားရှိခဲ့သည့် တရုတ်နိုင်ငံအပေါ် မိတ်ဆွေအဖြစ် ရပ်တည်မှုဝါဒကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရေးဖော်ဆောင်ရန်မှာ အင်ဒိုနီးရှားအစိုးရ၏ အဓိကဦးစားပေး လုပ်ငန်းဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုက ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံအကြား အပြန်အလှန် အကူအညီပေးအပ်မှုများကို မြှင့်တင်ကာ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီဘလင်ကန် အစ္စရေးနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်မည်

ဝါရှင်တန် အောက်တိုဘာ ၂၁



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်သည် ဂါဇာကမ်းမြောင်ဒေသ၌ အပြီးတိုင် ငြိမ်းချမ်းရေးရရှိရေးအတွက် ဆွေးနွေးရန် အစ္စရေးနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများသို့ သွားရောက်မည် ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘလင်ကန်၏ ခရီးစဉ်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ စီစဉ်ထားကြောင်း သိရသည်။

ဟားမတ်စ် ခေါင်းဆောင် ယာရာ့ဆင်းဝါ သေဆုံးပြီးနောက် အဆိုပါ ခရီးစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဟားမတ်စ်က ဖမ်းဆီးထားသည့် ဓားစာခံများ လွတ်မြောက်ရေးနှင့် ဂါဇာကမ်းမြောင်ဒေသရှိ ပဋိပက္ခများ အပြီးတိုင်အဆုံးသတ်ရေးအတွက် အဓိကဆွေးနွေးသွားမည်ဖြစ်သည်။

ထို့ပြင် ဘလင်ကန်သည် လက်ဘနွန်နိုင်ငံရှိ လက်ရှိအခြေအနေများကို သံတမန်နည်းအရ ဖြေရှင်းသင့်ကြောင်း အမေရိကန်၏ သဘောထားကို ဖော်ပြရန်လည်း စီစဉ်လျက်ရှိသည်။

အပစ်အခတ်ရပ်စဲရေး အပါအဝင် အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခများ အဆုံးသတ်ပြီး ငြိမ်းချမ်းရေးရလဒ်များ ထွက်ပေါ်လာစေရန် အစ္စရေးအစိုးရအား တွန်းအားပေးမည့် အခွင့်အရေးကို အမေရိကန်က အမိအရ ဆုပ်ကိုင်ရန် မျှော်လင့်ထားသည်။

အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသ တစ်လျှောက် ထိုးစစ်များ ဆက်လက်ဆင်နွှဲလျက်ရှိပြီး အထူးသဖြင့် မြောက်ပိုင်းတွင် ပြင်းထန်သောလေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။ တစ်ဖက်ကလည်း ဟားမတ်စ်သည် သဘောထားတင်းမာသော ရပ်တည်ချက်ကို ဆက်လက်ထိန်းသိမ်းထားပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ အထမြောက် အောင်မြင်စေရန် ခက်ခဲနိုင်ကြောင်း နိုင်ငံရေးသုံးသပ်သူများက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ ဒေသခံများအား အစ္စရေးက တိုက်ခိုက်ခဲ့ခြင်းအပေါ် အီဂျစ်ရှုတ်ချ

ကိုင်ရို အောက်တိုဘာ ၂၁

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ ဒေသခံများ၏ အဆောက်အအုံများအပေါ် အစ္စရေးတပ်မတော်က ဗုံးကြဲခဲ့ခြင်းကို ရှုတ်ချကြောင်း အီဂျစ်နိုင်ငံက အောက်တိုဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

ယင်းဗုံးကြဲတိုက်ခိုက်မှုအတွင်း ဂါဇာဒေသခံ ၁၀၀ ခန့် သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းတို့ဖြစ်ပွားခဲ့သည်။ ဂါဇာဒေသတွင် အစ္စရေးတပ်ဖွဲ့က အရပ်သားများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အစ္စရေး၏တိုက်ခိုက်မှုများရပ်တန့်ရေးအတွက် နိုင်ငံတကာက ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးရန် အီဂျစ်နိုင်ငံက ပန်ကြားခဲ့သည်။

ဂါဇာဒေသမြောက်ပိုင်းရှိ ဗိုက်ဒ် လာဟီယာ ဒေသအား အစ္စရေးတိုက်လေယာဉ်များက အောက်တိုဘာ ၁၉ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းဒေသခံ ၈၇ ဦး သေဆုံးပြီး ၄၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာရှိ ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ လက်ရှိအချိန်အထိ ဂါဇာဒေသတွင် ပါလက်စတိုင်းဒေသခံ ၄၂၆၀၃ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုလအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် ၈၄ ဦး သေဆုံး



ဒါကာ အောက်တိုဘာ ၂၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခုလအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၈၄ ဦးအထိ ရှိကြောင်း သိရသည်။ အဆိုပါ သေဆုံးသူအရေအတွက်သည် ယခုနှစ်အတွင်း လစဉ်သေဆုံးသူဦးရေတွင် အများဆုံးဖြစ်သည်။

လက်ရှိအချိန်အထိ သွေးလွန်တုပ်ကွေးရောဂါကူးစက်ခံရသူပေါင်း ၄၉၈၈၀ နှင့် သေဆုံးသူပေါင်း ၂၄၇ ဦး ရှိသည်။ ပြီးခဲ့သည့် ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူ ၁၂၉၈ ဦးကို စစ်ဆေးတွေ့ရှိခဲ့ရာ ယခုလအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၁၈၉၄၂ ဦးအထိ ရှိကြောင်း ကျန်းမာရေးဝန်ဆောင်မှုများ ညွှန်ကြားမှုဦးစီးဌာန၏ အစီရင်ခံစာအရ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူစာရင်းအရ စက်တင်ဘာလတွင် ၈၀၊ ဩဂုတ်လတွင် ၂၇ ဦး၊ ဇူလိုင်လတွင် ၁၂ ဦးနှင့် ဇွန်လတွင် ရှစ်ဦး သေဆုံးကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန်အတွက် ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးအာဏာပိုင်များသည် ခြင်ပေါက်ပွားမှုကို စစ်ဆေးရန်နှင့် သားပေါက်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၀၅ ဦးရှိပြီး နှစ်စဉ်သေဆုံးမှု အမြင့်ဆုံးဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၂၈၁ ဦးနှင့် ၂၀၁၉ ခုနှစ်တွင် ၁၇၉ ဦးရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးသည် အေးဒိစ် ခြင်ကိုက်ခံရခြင်းမှ ကူးစက်သော ဗိုင်းရပ်စ်ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါကြောင့် ခေါင်းကိုက်ခြင်း၊ အဖျားကြီးခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်သောကြွက်သားနှင့် အဆစ်အမျက်များ နာကျင်ခြင်း၊ အော့အန်ခြင်း၊ အဖုများထွက်ခြင်းနှင့် ပြင်းထန်သောဖျားနာမှုကို ဖြစ်စေသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ စာသင်ကျောင်း ၂၀ ခန့် တည်ဆောက်

ကဘူးလ် အောက်တိုဘာ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာ ပြည်နယ်အတွင်းရှိ ခရိုင်များ၌ စာသင်ကျောင်း အဆောက်အအုံ ၂၀ ခန့်ကို ဒေသဆိုင်ရာ အာဏာပိုင်များက ဆောက်လုပ်လျက်ရှိကြောင်း ပြည်နယ်ယဉ်ကျေးမှုနှင့် သတင်းပြန်ကြားရေးဌာနက အောက်တိုဘာ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ ရန်ပုံငွေဖြင့် ဆောက်လုပ်မည့် အဆောက်အအုံများကို ကန်ဒါဟာမြို့ရှိ ဆင်ခြေဖုံးနေရာများနှင့် ခရိုင် ၁၁ ခုတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းခန့် အကုန်အကျခံကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ အာဖဂန်အိမ်စောင့်အစိုးရ၏ပညာရေးဝန်ကြီးဌာနသည် အရှေ့ပိုင်း နူရီစတန်ပြည်နယ်တွင် စာသင်ကျောင်း ၁၂ ကျောင်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

ပြည်တွင်းစစ်ဒဏ်ခံခဲ့ရသည့် အာဖဂန်နစ္စတန်နိုင်ငံကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အာဖဂန်အိမ်စောင့်အစိုးရသည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ စီမံကိန်းအများအပြားကို စတင်ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀)ကိုလည်းကောင်း၊ သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ် ဝွေးချို ကျေးရွာလမ်းဆုံ၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၀၀၀၀)နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Harrier ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) တို့ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၄၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပျဉ်းမနားခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၂၂ ဒသမ ၅၇၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၂၅၈၅၅၆၆ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၁၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျုံပျော်ခရိုင်နှင့် ပုသိမ်ခရိုင်အတွင်း၌ တရားမဝင် မီးသွေး ၆ ဒသမ ၅၃ တန်နှင့် အခြားသစ် ၃ ဒသမ ၈၇ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၃၉၆၄၄၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၂၀ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ယာဉ်ရပ်နားဝင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesle Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့ပြင် အောက်တိုဘာ ၂၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂/၅) အနီး၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၇၃၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၄၁၆၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hyundai Starex တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၄၄၁၆၀ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ ၁၇ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေ ၁၈၃၈၆၆၁၇၁ ကျပ်)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီး၌ သန်းခေါင်စာရင်းကောက်ယူရာတွင် စစ်မှုထမ်းကိစ္စများကိုပါ မေးမြန်းကောက်ယူနေကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ၂၁

ဧရာဝတီ တိုင်းဒေသကြီး၌ သန်းခေါင်စာရင်း ကောက်ယူရာတွင် စစ်မှုထမ်းကိစ္စများကိုပါ မေးမြန်းကောက်ယူနေသည်ဟု မဟုတ်မမှန် သတင်းများကို ပြည်ဖျက်သတင်းမီဒီယာများက ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရသည်။




**အခြားအကြောင်းအရာများကို မေးမြန်းကောက်ယူခြင်းမရှိ**

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်ထိ သန်းခေါင်စာရင်း ကောက်ယူမှုကို ပြုလုပ်ခဲ့ရာ အကြောင်း အမျိုးမျိုးကြောင့် သန်းခေါင်စာရင်း အကောက်မခံရသေးသူများအတွက်အောက်တိုဘာ ၃၁ ရက်ထိ တိုးမြှင့်ကောက်ခံနေကြောင်း၊ ထိုသို့ စာရင်းကောက်ယူရာတွင် ဝန်ထမ်းများအနေဖြင့် အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုကို တစ်အိမ်တက်ဆင်းစနစ်ဖြင့် စနစ်တကျ မေးမြန်းကောက်ယူလျက်ရှိပြီး အခြားအကြောင်းအရာများကို မေးမြန်းကောက်ယူခြင်းမရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ပြည့်စုံမှန်ကန်စွာပြောကြားခြင်းဖြင့် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်များအပေါ် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ယခုသတင်းသည် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများအပေါ် တရားမဝင် ပြည်ဖျက်မီဒီယာများက မနာလိုမရှုဆိတ်ဖြင့်အထောက်အထားမရှိသည့် လုပ်ကြံသတင်းများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"တော်လှန်ရေးအကြောင်းပြ စတေးခံ PDF အကြမ်းဖက်သမားများ၏ဘဝနှင့် ကိုယ်ကျိုးရှာအလှူခံ ပြည်ပသို့ ရွှေ့ပြောင်းသူများရဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။

အလားတူ လာမည့်ပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူကို လုပ်ကြံသတ်ဖြတ်လျက် အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၀-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အချုပ်)
- ၀၉:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၀၉:၄၀ Sports Diary
- ၁၀:၁၅ မြန်မာ့ပုလဲရတနာတို့၏မွေးရပ်မြေ ပုလဲကျွန်းဆီ
- ၁၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၁၄)
- ၁၃:၃၀ MRTV National News
- ၁၅:၀၅ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ့
- ၁၅:၃၀ Weekly MNL Review
- ၁၆:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၁၀ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု 'ပဲခူးမြို့က သစ်အငွေ့ထည် စက်မှုလက်မှု'
- ၁၇:၄၀ ရင်ခုန်စရာသဘာဝအလှတရားများနှင့် မြန်မာ့ဂုဏ်ဆောင်ငွေဆောင်ကမ်းခြေ
- ၁၈:၁၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၇)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၁၅)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ဝင်' (အပိုင်း-၂၃) (ဇာတ်သိမ်းပိုင်း)

### mitv

- 07:01 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:09 Robe Business in Ta Ma Ta Kaw
- 07:23 Tea Export
- 07:35 A Grate Musician of A Horn Violin
- 08:01 News
- 08:26 Topics Potpourri; Fish Farming of the Future
- 08:32 Digital Directory on Shwedagon Pagoda
- 08:45 Enchanting Myeik
- 09:01 Topical Science Topics: Beauty of Marine Life
- 09:24 Listening Pleasure, Instrumental Music (Don Min) Don Min & Banjo Combination (Than Son Tee Nyunt)
- 09:37 Ecotourism: Monywa Tourism Zone
- 09:55 K- Pop Live Show (Our Winter) Boy Group
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ကျိုင်းတုံမြို့ရဲ့အထင်ကရနေရာများသို့ (အပိုင်း-၁)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
သဘာဝရဲ့လက်ဆောင်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
တလေဒူးခုန်ခြင်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
သဘာဝမိကျောင်းများ ပျောက်စံရာမိန်းမလှကျွန်း

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ကရင်ရိုးရာဘဲသားဆန်ပြုတ်

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
သင်မယ်၊ ရေးမယ်တို့ချင်းစာ (အပိုင်း-၂၂)

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်း(ချိုး)ရိုးရာကြက်သားသုပ်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ဖော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၉)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (တိုင်းအာဟမ်၊ တိုင်းလမ်၊ တိုင်းလောဝ်း၊ တိုင်းထိုင်း)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၇:၄၅ နိုင်ငံတကာစီးပွားရေးသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၄၅ Save Our Planet Program
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Football Highlights
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အရိပ်တကြည့်ကြည့်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ'
- ၁၀:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၅၅)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၃၀ ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် 'သမဝါယမဦးစီးဌာန'
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Capturing Moment
- ၁၉:၁၅ 4-Breathtaking Backyard Gardening Harvest
- ၁၉:၃၀ International Music Hits
- ၂၀:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Football Highlights
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကြမ်းဖက်သမားအယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေးတောင်းခံနေသည့် တရားခံများအား ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၂၁

အကြမ်းဖက်သမားအယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေးတောင်းခံနေသူ ကျော်ခိုင်ဦးသည် ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာတွင် ရောက်ရှိနေကြောင်း မတရားမှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးချက်အရ သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် မိုးကြိုးပစ်ကျေးရွာ ခေတ္တာလမ်း အမှတ်(၂၉)၌ ကျော်ခိုင်ဦးနှင့် ၎င်း၏ တရားမဝင်ဇနီးဖြစ်သူ အေးအေးဝင်းတို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

**ဖော်ထုတ်သိရှိရ**

ဖမ်းဆီးရမိတရားခံ ကျော်ခိုင်ဦး၏ ထွက်ဆိုချက်အရ ၂၀၁၄ ခုနှစ် ဧပြီလတွင် ကျောက်မဲမြို့နယ် ပန်မောက်ကျေးရွာ၌ နေထိုင်စဉ် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုမှ အဓမ္မ လူသစ်စုဆောင်းသဖြင့် ၎င်းအဖွဲ့ထံဝင်ရောက်ခဲ့ရပြီး ၂၀၁၆ ခုနှစ်တွင် ဆက်လက်နေထိုင်လိုခြင်းမရှိသဖြင့် ပြန်လည်ထွက်ပြေးခဲ့ကြောင်း၊ ယင်းနောက် ပင်လောင်းမြို့နယ် နှောင်မီးကားကျေးရွာ၌ ဆိုင်ကယ်ပြင်ဆိုင်ဖွင့်လှစ်နေထိုင်၍ လိုင်စင်မဲ့မော်တော်ယာဉ်များ ရောင်းဝယ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ခြိမ်းခြောက်ပြောဆို၍ ငွေကြေးများတောင်းခံ**

၂၀၂၂ ခုနှစ် နိုဝင်ဘာလမှစ၍ Chrome Software မှတစ်ဆင့် Myanmar Business Directory Application ကို အသုံးပြုကာ စီးပွားရေးလုပ်ငန်းရှင်များ၏ ဖုန်းနံပါတ်များအားရှာဖွေ၍ ၎င်းသည် အကြမ်းဖက်ဖောက်ခွဲရေးအုပ်စုမှ ဖြစ်ကြောင်း၊ တပ်၊ ရဲ၊ ပြည်သူ့စစ်နှင့် အခြားအဖွဲ့အစည်းများအား တိုင်တန်းပါက သတ်ဖြတ်ခံရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆို၍ ငွေကြေးများတောင်းခံခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်အထိ စီးပွားရေးလုပ်ငန်းရှင်များထံမှ ခြိမ်းခြောက်ငွေကြေးတောင်းခံမှုအနေဖြင့် လားရှိုးမြို့မှ လေးဦး၊ သီပေါမြို့မှ တစ်ဦး၊ မူဆယ်မြို့မှ ငါးဦး၊ နမ့်ခမ်းမြို့မှ နှစ်ဦး၊ တောင်ကြီးမြို့မှ တစ်ဦး၊ လွိုင်ကော်မြို့မှ တစ်ဦး၊ ပြင်ဦးလွင်မြို့မှ လေးဦး၊ နောင်ချိုမြို့မှ တစ်ဦး၊ မန္တလေးမြို့မှ ရှစ်ဦး စုစုပေါင်းစီးပွားရေးလုပ်ငန်းရှင် ၂၇ ဦးတို့ထံမှ ခြိမ်းခြောက်၍ ငွေကျပ် ၂၂၃၀၀၀၀၀ တောင်းခံခဲ့ကြောင်း၊ ရရှိငွေကြေးများအား ယာဉ်အမှတ် YGN-13 9Q/9165 Soueast ယာဉ်အား ငွေကျပ်သိန်း ၄၀၀ ဖြင့် လည်းကောင်း၊ မိုးကြိုးပစ်ကျေးရွာရှိ နေအိမ်အား ငွေကျပ်သိန်း ၁၄၀၀ ဖြင့် လည်းကောင်း ဝယ်ယူခဲ့ပြီး ကျန်ငွေများအား လောင်းကစားခြင်း၊ သောက်စားပျော်ပါးခြင်းများတွင် ကိုယ်ကျိုးသုံးစွဲခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ရိုးသားမှန်ကန်စွာ လုပ်ကိုင်စားသောက်နေထိုင်သော အများပြည်သူများအား ခြိမ်းခြောက်ငွေကြေးတောင်းခံသည့် တရားခံများကို တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ခြိမ်းခြောက်ငွေကြေးတောင်းခံ ခံရပါက အလွယ်တကူမယုံကြည်ကြရန်နှင့် ထိုသို့ဆောင်ရွက်နေသူများအား ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်လိုအပ်ကြောင်း၊ ပြစ်မှုကျူးလွန်သူ တရားခံများ၏ သတင်းအားရရှိပါက ၎င်းတို့အား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံထားသည်။

သတင်းစဉ်

တရားခံနှစ်ဦးနှင့်အတူ သိမ်းဆည်းရမိခဲ့သည့် ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသော ငွေကြေးများ၏ မှတ်တမ်းဓာတ်ပုံ



ကျော်ခိုင်ဦး(၃၀)နှစ်



အေးအေးဝင်း(၂၈)နှစ်



ငွေကျပ် ၃၂၂၀၀၀၀၊ လက်ကိုင်ဖုန်း သုံးလုံးနှင့် နိုင်ငံကူးလက်မှတ် စာအုပ်တစ်အုပ်။

စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေးတောင်းခံသည့် မှတ်တမ်းဓာတ်ပုံ



အသိပေးအကြောင်းကြားစာ

ဟာကြူလီ ကားပစ္စည်းဆိုင်
မိသားစု

ကျွန်ုပ်တို့ အကြမ်းဖက် ဖောက်ခွဲရေးအုပ်စုဖြစ်ပြီး လူကြီးမင်း မိသားစုကို ငွေကျပ် (သိန်း ၅၀၀ သိန်း) တိတိကို တောင်းဆိုအပ် ပါသည်။

လူကြီးမင်း မိသားစု ဖက်က အကြောင်းမျိုးမျိုးကြောင့် ပျက်ကွက်ပြီး ကျွန်ုပ်တို့အုပ်စု အဖွဲ့ကိုမလေးစားပြီးညှိနှိုင်းဆက်သွယ်ခြင်းမရှိရင် ငါတို့ တခြားဆိုင်လို အကြမ်းဖက်နည်းနဲ့ဝင်ပြီးပစ်ခက် အကြမ်းနည်းဖြင့်ခုတ်ခြင်း ကိုခံရပါမည်။

(၂၀.၁၀.၂၀၂၄ ရက်နေ့မနက် ၁၀ နာရီ အတွင်း ကိစ္စပြီးစီးရပါမည်။ ပျက်ကွက်ပါက ခင်များ တခြားဆိုင်လိုမိသားစုအသက်နဲ့ဒဏ်ရာ နဲ့ညှိနှိုင်းဆက်သွယ်ခြင်းနဲ့လှဲလှယ်ကြတာပေါ့နော့)

ညှိနှိုင်းဆက်သွယ်ရန်
ဖုန်း
09 942455236



ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသောငွေကြေးများဖြင့် ဝယ်ယူထားသော ယာဉ်၏ မှတ်တမ်းဓာတ်ပုံ




ယာဉ်အမှတ် YGN-13 9Q/9165 နံပါတ်ပါ Soueast DX-7 ယာဉ်။

ခြိမ်းခြောက်တောင်းခံရာမှ ရရှိထားသောငွေကြေးများဖြင့် ဝယ်ယူထားသော နေအိမ်၏ မှတ်တမ်းဓာတ်ပုံ



ကျော်ခိုင်ဦး ဝယ်ယူထားသည့် နေအိမ်နှင့်ခြံဝင်း



REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP



REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP

အိမ်ဝယ်ယူထားရှိမှု စာချုပ်။

## လှည်းကူးမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်



လှည်းကူး အောက်တိုဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မီးသတ်ဦးစီးဌာနတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက လှည်းကူးမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးစွမ်းထက်အောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သိန်းတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်သည်။

အဆိုပါသင်တန်းကို မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုလွင်ဦးဆောင်၍ သင်တန်းနည်းပြဆရာ ငါးဦးတို့က ရပ်ကွက်/ကျေးရွာအုပ်စုများတွင် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တို့အား အခြေခံမီးသတ်ပညာရပ်များနှင့် ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ရက်သတ္တလေးပတ်ကြာ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေ ၂၄၅၁၈ ဧကအား မြစ်ရေတင်လုပ်ငန်း ၂၅ ခုမှ အကျိုးပြုလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၁**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ မြစ်ရေတင်လုပ်ငန်းများမှ ရာသီလိုက်သီးနှံများ စိုက်ပျိုးနိုင်ရန် လိုအပ်သော စိုက်ပျိုးရေကို ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေ ၂၄၅၁၈ ဧကအား မြစ်ရေတင်လုပ်ငန်း ၂၅ ခုမှ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ဆန်စပါးနှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးလာသည့် ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါး စိုက်ပျိုးရာသီ၌ သဘာဝဘေးအန္တရာယ် ရေကြီးနစ်မြုပ်မှုကို ဖြတ်သန်းကျော်လွှား၍ စိုက်ပျိုးနိုင်ခဲ့ကြပြီး နိုင်ငံတော်၏လမ်းညွှန်မှု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် လျာထားဧကများပြည့်မီရန် စိုက်ပျိုးရေးဦးစီးဌာနက စပါးစိုက်တောင်သူများနှင့် လက်တွဲ၍ ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများနေရာ၌ အချိန်မီအစားထိုး ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။

**လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်**

တောင်သူများအနေဖြင့် မြစ်ရေတင်ရေသောက်စနစ်ကို နွေစပါးကာလ၌ အထူးအားကိုးအားထားပြုကြလေ့ရှိပြီး လိုအပ်သောရေကို ထောက်ပံ့ပို့လွှတ်နိုင်ခြင်းကြောင့် နွေစပါးနှင့် နေကြာအပါအဝင် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလိုသော တောင်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် နွေစပါး၊ မိုးစပါးနှင့် ဆီထွက်သီးနှံစိုက်ပျိုးကြသည့် တိုက်ကြီးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ မှော်ဘီမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်၊ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ဆိုလာ၊ လျှပ်စစ်ဖြင့် မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့် အိုင်ကလောင်၊ အလဘုတ်၊ သပြေတန်း၊ တော်လတီ၊ တောင်ရပ်ဇီးကုန်း၊ ရေပေါ်သောင်၊ ကြို့ကုန်း၊ ငွေ့တန်းရှည်၊ ကျွန်းငူ၊ ကန်ကလေး၊ မြောင်းတကာ၊ စမ်းကြီး၀၊ ဘားလား(၁)၊ ဘားလား(၂)၊ မလစ်၊ ရေကျော်၊ စစ်ပင်၊ ဆင်ဖုန်၊ ငွေနံ့သာ၊ ငမိုးရိပ်၊ လက်ပံ၊ ရဲမွန်၊ ခရမ်းချောင်း၊ ကမာကလူနှင့် ကျုံတုစသည့် မြစ်ရေတင်လုပ်ငန်းများမှ စိုက်ပျိုးမြေဧက ၂၄၅၁၈ ဧကအား အချိန်အခါမရွေး ရေပို့လွှတ်မှုဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းစေရန် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ -ဖွဲ့မာန်**






## ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ ယနေ့၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၃၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၁၃ ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၈ ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၂၁-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၂၁.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၈၆၃၉ | ၆၂၆.၇၆ | ၅၆၃၈၆၈ | ၁၇၄၄၀ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၃၇ | ၁၇၁၄ | ၀.၁၄ | ၆၂၆.၈၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၂၄၁ | ၆၂၇.၀၀ | ၂၈၁၇၀ | - | ၈.၀၀ | ၈၃၃၀ | - | - | ၀.၃၀ | ၆၂၆.၇၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၃ | ၅၁၈.၆၅ | ၈၈၀၈၅ | ၂၇၀ | ၁.၃၅ | ၃၆၈၅ | - | - | ၀.၆၉ | ၅၁၈.၇၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | ၁၅ | ၅၀၉.၀၅ | ၁၀၂၁၉ | ၇ | ၂.၉၅ | ၂၀၃၈ | - | - | ၀.၉၃ | ၅၀၉.၀၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၀၁ | ၄၃၇.၈၀ | ၆၉၄၀၀ | ၂၈၅ | ၁.၂၀ | ၃၆၀၀ | - | - | ၀.၂၀ | ၄၃၇.၈၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၂ | ၅၃၄.၅၁ | ၇၃၀၃၀ | - | ၀.၄၉ | ၁၉၇၀ | - | - | - | ၅၃၄.၅၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၃၂ | ၄၁၅.၉၅ | ၇၅၆၁ | ၁၁ | ၂.၀၅ | ၁၁၅၇ | - | - | ၀.၄၀ | ၄၁၅.၉၂ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၄၈ | ၇၀၃.၄၅ | ၁၀၇၁၅၁ | ၉၅ | ၆.၅၅ | ၃၅၉၃၉ | - | - | - | ၇၀၃.၄၇ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၁၃ | ၆၀၁.၈၅ | ၄၉၃ | ၆၁ | ၀.၁၅ | ၇ | - | - | - | ၆၀၁.၈၅ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၇ | ၈၆၃.၄၅ | ၁၀၁၁၅ | ၂၈ | ၆.၅၅ | ၄၄၈၅ | - | - | - | ၈၆၃.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၈)ချပ် ထောင်ထားပါသည်။

# စုပေါင်းအားဖြင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ ချက်ချင်းတုံ့ပြန် ထူထောင်ရန်

ခန့်ဇော်(ကျေးလက်)

**တိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် ဖြစ်ပေါ်ခဲ့ရသည့် ပျက်စီးဆုံးရှုံးမှုများ**

တိုင်ဖွန်းမုန်တိုင်းရာဂီဟာ တောင်တရုတ်ပင်လယ်အတွင်း ဩဂုတ်လ ၃၁ ရက်နေ့တွင် စတင်အစပျိုးခဲ့ပြီး ယင်းမှတစ်ဆင့် အားကောင်းသော တိုင်ဖွန်းမုန်တိုင်းအသွင် ကူးပြောင်းသွားခဲ့ကာ စက်တင်ဘာ ၆ ရက်နေ့တွင် တရုတ်နိုင်ငံ၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံတို့ကို လေတိုက်နှုန်းပြင်းအား တစ်နာရီလျှင် မိုင် ၁၆၀ နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး ပျက်စီးမှုများစွာရှိခဲ့တယ်လို့ သိရပါတယ်။ စက်တင်ဘာလ ၆ ရက်နေ့တွင် ရာဂီမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် တရုတ်နိုင်ငံ၌ သေဆုံးသူ ၁၆ ဦး၊ ပျောက်ဆုံး ၁၇ ဦး၊ ဒုက္ခသည်ပေါင်း ၂၇၀ နှင့် နိုင်ငံမြောက်ပိုင်းနဲ့ အလယ်ပိုင်းပြည်နယ်အချို့ရှိ လူပေါင်း နှစ်သန်းခန့် မုန်တိုင်းဒဏ်ခံစားခဲ့ရပြီး ယွမ် ၃၂ ဒသမ ၇ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံခန့်) ဆုံးရှုံးခဲ့ရပါတယ်။ စက်တင်ဘာလ ၂၈ ရက်နေ့ စာရင်းအရ ဗီယက်နမ်နိုင်ငံမှာတော့ မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် သေဆုံးသူ ၂၉၉ ဦး၊ ပျောက်ဆုံးသူ ၃၄ ဦး၊ အိုးအိမ်၊ စက်ရုံ၊ အလုပ်ရုံ၊ လမ်း၊ တံတားနှင့် စိုက်ပျိုးမြေများစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ဗီယက်နမ် ဒေါင် ၈၁ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံ ခန့်) ဆုံးရှုံးခဲ့တယ်လို့ သိရပါတယ်။ ထိုင်းနိုင်ငံမှာတော့ ပြည်နယ် ခုနစ်ခုမှာ သေဆုံးသူ ၄၂ ဦး (ရေကြီးမှုကြောင့် ၁၉ ဦး၊ မြေပြိုမှုကြောင့် ၂၃ ဦး)၊ ထိခိုက်ဒဏ်ရာရရှိသူ ၂၄ ဦး၊ အိမ်ထောင်စုပေါင်း ၂၈၀၀၀ ကျော် ပျက်စီးခဲ့ပြီး ကလေးငယ်ပေါင်း ၆၈၀၀၀ ခန့် မုန်တိုင်းဒဏ်ခံစားခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာတော့ ရာဂီမုန်တိုင်းကြောင့် နိုင်ငံတစ်ဝန်း မြို့နယ်ပေါင်း ၁၁၀ တွင် ရေကြီးရေလျှံမှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ စက်တင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းအထိ ကောက်ယူရရှိသော စာရင်းများအရ ပျက်စီးဆုံးရှုံးမှုအနေဖြင့် သေဆုံးသူ ၄၃၃ ဦး၊ ပျောက်ဆုံးသူ ၇၉ ဦး၊ လူနေအိမ် ၁၁၅၀၀၂ လုံး၊ ရုံးဌာနအဆောက်အအုံ ၁၂၉ လုံး၊ စာသင်ကျောင်း ၃၃၃ ကျောင်း၊ ဘာသာရေးကျောင်း ၂၂၈ ကျောင်း၊ လမ်း၊ တံတား ၁၃၅၈ ခု၊ လျှပ်စစ်မီးတိုင် ၅၆၂၂ တိုင်နှင့် ဆက်သွယ်ရေးတိုင် ၁၁၄ တိုင်၊ စပါးစိုက်ဧက ခုနစ်သိန်းရှစ်သောင်းကျော်၊ သေဆုံးတိရစ္ဆာန် ၁၇၆၂၄၆ ကောင်ရှိကြောင်း သိရပါတယ်။

အရှေ့တောင်အာရှမှာပဲ ဒီလိုဖြစ်ပွားခဲ့သလားဆိုတော့ အမေရိကန်နိုင်ငံ အရှေ့တောင်ပိုင်းမှာလည်း စက်တင်ဘာလ ၂၆ ရက်နေ့က ဟာရီကိန်းမုန်တိုင်း ဟယ်လီနာ(Helene) ဝင်ရောက်ခဲ့တဲ့အတွက် ရေကြီးရေလျှံမှု၊ မြေပြိုမှုတွေ ဖြစ်ပွားခဲ့တာ တွေ့ရပါတယ်။ အောက်တိုဘာလ ၇ ရက်နေ့အထိ စာရင်းများအရ ပြည်နယ် ခြောက်ခုတွင် ဒေသခံ ၂၃၂ ဦး သေဆုံးခဲ့ပြီး လူပေါင်းရာချီ ပျောက်ဆုံးလျက်ရှိကာ လျှပ်စစ်မီး၊ ရေရရှိရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ထိခိုက်ပျက်စီးခဲ့ကြောင်း သိရပါတယ်။





တပ်ကုန်းမြို့နယ် ရွှေမြို့ရွာ ဆင်သေချောင်းကူးတံတား ပျက်စီးမှုအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေးစဉ်။

**ရာဂီမုန်တိုင်းရဲ့နောက်ဆက်တွဲ**

ဒီတစ်ခါထူးခြားတာက မုန်တိုင်းရဲ့နောက်ဆက်တွဲမှာ အရှေ့မြောက်အရပ်ကဝင်လာတဲ့ လေကြောင့် ဖြစ်တည်လာတဲ့မိုးပဲ ဖြစ်ပါတယ်။ မိုးကြီးမှုကြောင့် မိုးရေချိန်များပြီး နေရာစုံမှာ အဆက်မပြတ် ရွာသွန်းခဲ့တာကြောင့် အာဆီယံနိုင်ငံတွေဖြစ်တဲ့ ထိုင်းနိုင်ငံနဲ့ လာအိုနိုင်ငံတွေပါ ရေကြီးမှုတွေဖြစ်ခဲ့ပြီး ထိခိုက်မှုများပြားခဲ့ပါတယ်။ မြန်မာနိုင်ငံမှာတော့ တာချီလိတ်မှာ စက်တင်ဘာလ ၁၀ ရက်နေ့မှစတင် ရေကြီးမှုဖြစ်ပွားခဲ့ပြီး စိုးရိမ်ရေမှတ် စင်တီမီတာ ၃၉၀ အထိ ဖြစ်ခဲ့ပါတယ်။ တောင်ပေါ်မြို့ဖြစ်တဲ့ ကလောမြို့တွင် စက်တင်ဘာလ ၁၀ ရက်နေ့ ညမှာ စတင်ရေကြီးခဲ့ပြီး မြေပြိုခြင်းနဲ့ နှစ် ၁၀၀ အတွင်း အဆိုးဆုံးရေကြီးမှုနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ တစ်ဆက်တစ်စပ်တည်း ထိုနေ့ ညပိုင်းမှာပဲ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရမည်းသင်းမြို့နဲ့ ပျော်ဘွယ်မြို့တွေ၊ နေပြည်တော်တိုင်းဒေသကြီးအတွင်းရှိ တပ်ကုန်းမြို့နဲ့ မြို့နယ်တွေမှာ ရေကြီးနစ်မြုပ်မှုတွေဖြစ်ခဲ့ပါတယ်။ ညအချိန်ဖြစ်လို့ တော်တော်ဒုက္ခရောက်ကြရမှာ သေချာပါတယ်။ မိုးလင်းတာနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ စပြီးဆောင်ရွက်ခဲ့ကြပါတယ်။ နေပြည်တော်၊ ပုဗ္ဗသီရိ၊ ပျဉ်းမနားနဲ့ လယ်ဝေးဒေသတွေကိုတော့ စက်တင်ဘာလ ၁၀ ရက်နေ့ သန်းခေါင်ယံအချိန်နဲ့ နံနက်စောစောပိုင်းမှာ ဝင်ရောက်ခဲ့ပါတယ်။

**ကွင်းဆင်းစိစစ် ထောက်ပံ့ထူထောင်**

နေပြည်တော်ကောင်စီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ဒေသအလိုက်၊ မြို့နယ်အလိုက် တာဝန်တွေခွဲဝေပြီး ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခဲ့ကြတာ တွေ့ရှိရပါတယ်။ ရေကြီးမှုအခြေအနေကို ဒီလောက်အထိ ဆိုးမယ်လို့မထင်မိခဲ့တာတော့အမှန်ပါ။ ညပိုင်း တီဗွီကြည့်တဲ့အချိန်မှ အခြေအနေတော်တော်ဆိုးနေတာကို သိခဲ့ရပါတယ်။ စက်တင်ဘာလ ၁၂ ရက်နေ့မှာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နဲ့ စတင်ကွင်းဆင်းခဲ့ပါတယ်။ ရွာတွေမှာ ရေပြည့်နေလို့ ရွာတွေကိုတော့ မရောက်နိုင်ခဲ့ပါဘူး။ စက်တင်ဘာလ ၁၃ ရက်နေ့မှာ တပ်ကုန်းမြို့က ကယ်ဆယ်ရေးစခန်းတွေကို ကွင်းဆင်းပါတယ်။ ရေသန့်စင်စက်တွေနဲ့ ရေဖြန့်ဝေပေးခဲ့ပြီး ကယ်ဆယ်ရေးစခန်းတွေအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာတွေ ကူညီထောက်ပံ့ပေးခဲ့ပါတယ်။ မကျီးပင်ရွာနဲ့ မကျီးပင်တံတားပျက်စီးမှုတွေကို စစ်ဆေးခဲ့ပါတယ်။ တော်တော်ပျက်စီးသွားတာ ဖြစ်ပါတယ်။ အချို့နေရာတွေမှာ အိမ်တွေပြိုပျက်သွားတာ တွေ့ရသလို ကြံ့ကြံ့ခံနိုင်တဲ့အိမ်တွေ၊ ကြံ့ကြံ့ခံနိုင်ခဲ့တဲ့ ကွန်ကရစ်လမ်းတွေနဲ့ RC တံတားတွေလည်း တွေ့ခဲ့ရပါတယ်။ ရွာကလူကြီးတွေ မေးကြည့်တော့ “သူတို့ တစ်သက်မှာ ဒီတစ်ခါပဲ ကြုံဖူးတယ်”လို့ ပြောကြပါတယ်။ ကျွန်တော်လည်း နေပြည်တော်စတည်တဲ့ကာလ ၂၀၀၃ ခုနှစ်ကတည်းက နေလာတာ အခုမှကြုံဖူးတာ ဖြစ်ပါတယ်။

ဆင်သေချောင်းတစ်လျှောက်က တံတားတွေ အပျက်အစီးများတာ တွေ့ရပါတယ်။ ချောင်းတစ်လျှောက် တံတားကြီးတွေပျက်စီးမှုကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥက္ကဋ္ဌမှတစ်ဆင့် ဝန်ကြီးထံ ပျက်စီးမှုစာရင်းပို့လာတော့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တံတားလေးစင်း ပါတာတွေ့ရပါတယ်။ အကြီးအကဲတွေလည်း သတင်းအချက်အလက်ကို ချက်ချင်းရယူဆောင်ရွက်တာ တွေ့ရပါတယ်။ ဌာနကဆိုင်တဲ့ တံတားတွေကို ကွင်းဆင်းကြည့်ရှုခဲ့ပါတယ်။ သဘာဝဘေးဒဏ်ခံနိုင်အောင် တည်ဆောက်ထားတဲ့အတွက် တံတားကြီးတွေဟာ ကြီးမားတဲ့ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရည်ရှိပြီး ချဉ်းကပ်လမ်းတွေကိုသာ တိုက်စားသွားတာ တွေ့ရှိရပါတယ်။ တချို့လည်း ပျက်စီးဆုံးရှုံးခဲ့တာ တွေ့ရပါတယ်။

စက်တင်ဘာလ ၁၃ ရက်နေ့ ညနေပိုင်းမှာ လယ်ဝေးဒေသဘက်က ကယ်ဆယ်ရေးစခန်းတွေကို သွားရောက်အားပေး၊ ထောက်ပံ့မှုတွေလည်း ဆောင်ရွက်ခဲ့ပါတယ်။ ရွာတွေကတော့ ရေမြုပ်နေဆဲပဲဖြစ်ပါတယ်၊ စက်တင်ဘာလ ၁၄ ရက်နေ့မှာ ရေစတင်ကျလာပြီဖြစ်ပါတယ်။ ပုဗ္ဗသီရိမြို့နယ်က အေးမြင့်သာယာကျေးရွာနဲ့ ဝဲကြီးကျေးရွာတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့တွေက အေးမြင့်သာယာရွာရှိ အများသုံးရေတွင်းကို ရေရရှိဖို့ သန့်စင်နေကြပါတယ်။ ရွာခံတွေက မနက်ပိုင်းမှာ အိမ်တွေကို သန့်ရှင်းရေးလာလုပ်ပြီး ညပိုင်းမှာ ကယ်ဆယ်ရေးစခန်း ပြန်အိပ်ကြရပါတယ်။ ရွှံ့ညွန်တွေက ကိုးလက်မကနေ တစ်ပေအထိရှိနေတာဖြစ်ပါတယ်။ ရွာကလူကြီးတွေက “စားစရာ၊ ဝတ်စရာက အဆင်ပြေပါတယ်။ အိမ်မှာ ရွှံ့ညွန်တွေရှိနေတာမို့ ဆေးကြောဖို့ သုံးရေ၊ သောက်သုံးဖို့အတွက် သန့်ရှင်းတဲ့သောက်ရေနဲ့ အိမ်သာတက်ဖို့အတွက် ရေလိုပါတယ်”လို့ တင်ပြကြပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို တွင်းဆေး၊ တွင်းမှုတ် ပြုလုပ်ရာမှ မီးမရရင် ဒီဇယ်အင်ဂျင်နဲ့ အခြေခံဆောင်ရွက်ဖို့၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ကျေးရွာခန်းမ စတဲ့အများနဲ့ဆိုင်တဲ့ အဆောက်အအုံတွေပါ သက်ဆိုင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့မှာခဲ့ပါတယ်။ မီးသတ်အဖွဲ့တွေ၊ တပ်မတော်၊ ပြည်သူ့ရဲနဲ့ လူမှုရေးအသင်းအဖွဲ့တွေလည်း ပူးပေါင်းဆောင်ရွက်နေကြတာတွေ့ရပါတယ်။ ဝဲကြီးရောက်တော့ ဝဲကြီးနဲ့ ဝင်ပြန်ရွာကြား ဆင်သေချောင်းကူးတံတား တစ်စင်း ကျိုးကျမြောပါ ပျက်စီးပြီး ချောင်းအကျယ် ပေ ၁၀၀၀ ခန့် ဖြစ်သွားတာတွေ့ရပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးကို မေးကြည့်တော့ “သူတို့တစ်သက် ယခုလို ရေကြီးတာ မရှိကြောင်း” ပြောပါတယ်။

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်တွေအရ အသက်မွေးဝမ်းကျောင်းပြန်လည်ထူထောင်ရေးကော်မတီ ဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌရဲ့လမ်းညွှန်မှုတွေ၊ ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေနဲ့အညီ ဝန်ကြီးဌာနအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီရဲ့ လုပ်ငန်းတာဝန်တွေအရ ချက်ချင်းဆောင်ရွက်ဖို့တွေကို အောက်ပါအတိုင်း လမ်းညွှန်ချက်ပေးခဲ့ပါတယ်-

(က) လမ်းပန်းဆက်သွယ်မှု မပြတ်တောက်ရေးဦးစားပေးပြီး ကျေးလက်လမ်း၊ တံတား၊ ကုန်ထုတ်လမ်းများ၊ ကျေးရွာတွင်းလမ်းများကို ပြင်ဆင်ရန်၊

( ခ ) သောက်သုံးရေရရှိရေး ရေသန့်စက်ကြီးများအသုံးပြုပြီး ကယ်ဆယ်ရေးစခန်းများသို့ ဖြန့်ဝေပေးရန်၊

(ဂ) ရေကျချိန်တွင် ကျေးရွာအတွင်း အမြန်ပြန်လည်နေထိုင်နိုင်ရေး သောက်သုံးရေကန်များ ကလိုရင်းဆေးခတ်ခြင်း၊ စက်ရေတွင်းများ တွင်းဆေး၊ တွင်းမှုတ်ခြင်းများ ဆောင်ရွက်ရန်၊

စာမျက်နှာ ၁၉ သို့ ✻

❝ ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် ဒေသများရှိ ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ထိခိုက်ပျက်စီးဆုံးရှုံးမှုအပေါ်မူတည်၍ ဦးစားပေးအဆင့် သတ်မှတ်ကာ တစ်ဆင့်ချင်း စနစ်တကျဆောင်ရွက်ပေးသွားကြရန်၊ ရေကြီးနစ်မြုပ်သည့်ဒေသများရှိ ပြန်လည်စိုက်ပျိုးနိုင်သော ဧရိယာများတွင် သီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်ကို တောင်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားရန်၊ ပြန်လည်ဆောင်ရွက်ပေးရမည့်အစီအမံများ တင်ပြဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ ❞





ပျဉ်းမနားမြို့ ပေါဓိနံခေါ် သစ်စိမ့်ပင်တံတား ပျက်စီးမှုနှင့် ပြုပြင်ဆောင်ရွက်နေမှုများအား သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းစစ်ဆေးစဉ်။

* စာမျက်နှာ ၁၈ မှ

(ဃ) သက်မွေးဝမ်းကျောင်းဆိုင်ရာ စီမံကိန်းများ ထိခိုက်မှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထိခိုက်မှုစာရင်းများကို အမြန်ဆုံးရရှိရေး ဆောင်ရွက်ရန်နှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအစီအမံများ တင်ပြရန်၊

( င ) ပျက်စီးသွားသော လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေးလုပ်ငန်းများကို အမြန်ဆုံး ပြင်ဆင်ရန်နှင့် ရေရှည်အတွက် သဘာဝဘေး ဒဏ်ခံနိုင်ရည်ရှိသည့် လမ်း၊ တံတားများ တည်ဆောက်နိုင်ရေး Feasibility Survey/ Design စနစ်တကျဆောင်ရွက်ပြီး လျာထား ဆောင်ရွက်ရန်။

**ပျက်စီးဆုံးရှုံးမှုများ**

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိတဲ့လုပ်ငန်းတွေရဲ့ ပျက်စီးဆုံးရှုံးမှုအနေနဲ့ အောက်တိုဘာ ၁၀ ရက်အထိ ပြုစုထားရှိတဲ့စာရင်းများအရ စုစုပေါင်း လုပ်ငန်း ၆၇၇ ခု၊ တန်ဖိုးငွေကျပ် ၂၃ ဒသမ ၁ ဘီလီယံကျော်ဖြစ်ကြောင်း သိရှိရပါတယ်။

| စဉ် | လုပ်ငန်းအမျိုးအစား | အရေအတွက် | ဆုံးရှုံးမှုတန်ဖိုး (ကျပ်သန်း) |
|---|---|---|---|
| (က) | ကျေးလက်လမ်း/ တံတား | ၃၄၆ ခု | ၂၀,၅၉၇.၅၈၇ |
| ( ခ ) | ကုန်ထုတ်လမ်း/ တံတား | ၁၃၄ ခု | ၁,၈၇၄.၄၇၅ |
| ( ဂ ) | ရေရရှိရေးလုပ်ငန်း | ၁၅၉ ခု | ၂၆၆.၉၀၂ |
| (ဃ) | မီးလင်းရေး/ ဆိုလာရေတင်စနစ် | ၈ ခု | ၁၀၄.၀၆၆ |
| ( င) | အဆောက်အအုံနှင့်ဆက်စပ်လုပ်ငန်း | ၁၀ ခု | ၆၁.၀၂၀ |
| ( စ) | ဖွံ့ဖြိုးရေးလုပ်ငန်း | ၂၀ ခု | ၁၉၆.၅၅၀ |
| | **စုစုပေါင်း** | ၆၇၇ ခု | ၂၃,၁၀၀.၆၀၀ |

**ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုလုပ်ငန်းများ**

ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာမှာ တစ်ဦးကောင်း တစ်ယောက်ကောင်းနဲ့ ဆောင်ရွက်လို့ မရနိုင်ပါဘူး။ သတ်မှတ်လမ်းညွှန်ချက်တွေနဲ့ အညီ ကော်မတီအလိုက် ဝန်ကြီးဌာနအချင်းချင်း၊ အစိုးရအဖွဲ့တွေ၊ လူမှုကယ်ဆယ်ရေးပရဟိတအဖွဲ့တွေ၊ လူမှုရေးအသင်းအဖွဲ့တွေ၊ အလှူရှင်တွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ NGO၊ INGO တွေစတဲ့ သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြမှသာ ထိရောက်အောင်မြင်မှာ ဖြစ်ပါတယ်။

စက်တင်ဘာလ ၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားမှုများထဲမှ အချို့ကို ကောက်နုတ်တင်ပြရရင်

(က) သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ခန့်မှန်းချက်၊ သတိပေးချက်များကို ထုတ်လွှင့်ရာတွင် ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများထက် သာမန်ပြည်သူလူထု သတိပြုနားလည်နိုင်အောင် လွယ်ကူရှင်းလင်းစွာနားလည်သိရှိလိုက်နာနိုင်အောင် ထုတ်ပြန်ဆောင်ရွက်ရန်၊

( ခ ) ဆည်မြောင်းနှင့် လမ်း၊ တံတားဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း လမ်း၊ တံတား လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြံ့ခိုင်မှုအပိုင်းနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုဒဏ်ကို ခံနိုင်ရေးအတွက် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်၊

( ဂ ) ယခင်က ကုန်ကျစရိတ်သက်သာစေရန် တံတားအရှည်နှင့် ခန်းဖွဲ့အားလျော့၍ ချဉ်းကပ်လမ်းအား တိုးမြှင့်ထားမှုများကို ပြန်လည်စစ်ဆေးသုံးသပ်ရန်၊

(ဃ) တံတားနေရာများသို့ ရေဝင်ရောက်ရာ လမ်းကြောင်းနှင့် ရေထွက်ရာ လမ်းကြောင်းနေရာများ၌ ရေစီးဆင်းမှုကောင်းမွန်စေရေး ချောင်းဖြောင့်ခြင်းလုပ်ငန်း အပါအဝင် အခြားလိုအပ်သည်များ ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်၊

( င ) သဘာဝဘေးအန္တရာယ်ကို ကြိုတင်တွက်ဆ၍ လုပ်ငန်းများဆောင်ရွက်သွားရန် လိုကြောင်းနှင့်ပျက်စီးသွားသည့် သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင်လည်း စနစ်တကျဖြင့် ပြန်လည်စိုက်ပျိုးသွားရန်၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်စိုက်ပျိုးရေး ထောက်ပံ့ငွေများနှင့် စိုက်ပျိုးရေးချေးငွေများ ပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်။

ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့တဲ့ ဒေသတွေအတွက် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ စေတနာရှင်တွေကလည်း ပထမအကြိမ် အလှူငွေ ၃၂ ဒသမ ၂ ဘီလီယံကျော်၊ ဒုတိယအကြိမ် ၁၀ ဒသမ ၅ ဘီလီယံကျော် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ပြီး စုစုပေါင်း ၄၂ ဒသမ ၇ ဘီလီယံကျော် ရရှိခဲ့ပါတယ်။ မြန်မာတို့ရဲ့ သဒ္ဓါတရား၊ စာနာဖေးမတတ်မှုတွေက အားရစရာပါ။

စက်တင်ဘာလ ၁၆ ရက်နေ့က ပြုလုပ်ခဲ့တဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးမှာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ရာတွင် သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး အာဟာရဖြစ်စေမည့် အစားအသောက်များ ရရှိစေရေး ဆောင်ရွက်ပေးသွားရန်၊ ဒေသအလိုက်ဖွဲ့စည်းထားသည့် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများက ရေဘေးသင့်ဒေသရှိပြည်သူများအား သွားရောက်အားပေးစကားပြောကြားပြီး လိုအပ်ချက်များကို အဓိကထား၍ ပံ့ပိုးပေးသွားရန်၊ နိုင်ငံပိုင်ရုံးဌာနအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လူနေအိမ်များနှင့် အခြားအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှု၊ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုနှင့် တိရစ္ဆာန်သေဆုံးမှုတို့ကို စာရင်းကောက်ယူရေးအဖွဲ့ ဖွဲ့စည်းပြီး မှန်မှန်ကန်ကန် စာရင်းကောက်ယူရန် လမ်းညွှန်မှာကြားခဲ့ပါတယ်။

ဒါ့အပြင် စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကလည်း ရေကြီးနစ်မြုပ်မှုဒဏ်ခံရသည့် ဒေသများရှိ ကျေးလက်နေပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား ထိခိုက်ပျက်စီးဆုံးရှုံးမှုအပေါ်မူတည်၍ ဦးစားပေးအဆင့်သတ်မှတ်ကာ တစ်ဆင့်ချင်း စနစ်တကျ ဆောင်ရွက်ပေးသွားကြရန်၊ ရေကြီးနစ်မြုပ်သည့်ဒေသများရှိ ပြန်လည်စိုက်ပျိုးနိုင်သော ဧရိယာများတွင် သီးနှံများပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် နီးစပ်ရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်သည်ကို တောင်သူများသိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားရန်၊ ပြန်လည်ဆောင်ရွက်ပေးရမည့် အစီအမံများ တင်ပြဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး ဆောင်ရွက်လျက်လည်း ရှိပြီဖြစ်ပါတယ်။

ဝန်ကြီးဌာနအနေနဲ့ ချက်ချင်းပြင်ဆင်လို့ရတဲ့ လမ်း၊ တံတားလုပ်ငန်းများ၊ ရေပေးရေး (တွင်းဆေး၊ တွင်းမှုတ်) လုပ်ငန်းများအား ချက်ချင်းသွားလာ သုံးစွဲနိုင်အောင် ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလ ၁၀ ရက်နေ့အထိ လမ်းနေရာ ၄၉ ခု၊ ၂၃မိုင် ၄.၂၇ ဖာလုံ၊ တံတား ၂၂ စင်း၊ ၂၁၀၂ ပေ ပြင်ဆင်ပြီးစီးခဲ့ပြီး တွင်းဆေး၊ တွင်းမှုတ်လုပ်ငန်းများအနေနဲ့ ဌာနအစီအစဉ်ဖြင့် ၄၆၇၄ တွင်း၊ အခြားကိုယ်ထူကိုယ်ထ/ ပရဟိတအစီအစဉ်ဖြင့် ၃၃၄၄ တွင်း စုစုပေါင်း ၈၁၁၈ တွင်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် ရေကြီးနစ်မြုပ်ဒေသတွေကို စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီးနဲ့ အဖွဲ့ဟာ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များသို့လည်းကောင်း၊ အောက်တိုဘာလ ၂ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)သို့လည်းကောင်း သွားရောက်ခဲ့ပြီး ဆန်၊ ဆီ၊ စားသောက်ကုန်များ ထောက်ပံ့ပေးခဲ့သလို ရေသန့်စင်ကားဖြင့် သောက်သုံးရေပေးဝေခြင်း၊ ဟိုပုံးမြို့နယ်ရှိ ကျေးရွာ ၁၆ ရွာအတွက် ရေပေးရေးလုပ်ငန်းများ ပြုပြင်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ရန်ပုံငွေ ကျပ်သန်း ၁၅၀ စီ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

**ပူးပေါင်းပါဝင်ဆောင်ရွက်သူများ၏ အခန်းကဏ္ဍ**

ဒီနေရာမှာ အလှူရှင်တွေ၊ ကယ်ဆယ်ရေးအဖွဲ့တွေရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတာ တွေ့ရပါတယ်။ စီမံခန့်ခွဲတဲ့ ဒေသအလိုက်၊ မြို့နယ်အလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီရဲ့ ကြီးကြပ်မှုဟာ အရေးကြီးတာ တွေ့ရပါတယ်။ အားတွေကို စုစည်းခြင်း၊ လိုအပ်ချက် ဖော်ထုတ်ခြင်း၊ အရေးပေါ် ကယ်ဆယ်ခြင်း၊ နေရာချထားခြင်းတို့အပြင် နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး အစစအရာရာ စီစဉ်ပေးရတာဖြစ်ပါတယ်။ ကွင်းဆင်းတော့ အလှူရှင်တွေ တဖွဲဖွဲရောက်ရှိလာပြီး စားစရာနဲ့ သောက်ရေ လှူနေတာတွေ ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ရပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်း လုပ်နေတဲ့ အဖွဲ့တွေမှာ ဌာနဆိုင်ရာတာဝန်ရှိသူတွေ၊ အရပ်ဘက်လူမှုကယ်ဆယ်ရေးအဖွဲ့တွေ ပါဝင်ပြီး အားကြိုးမာန်တက် တက်ညီလက်ညီ ဆောင်ရွက်နေကြတာ အားရဖွယ်တွေ့မြင်ရပါတယ်။ သူရဲကောင်းတွေအဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ရမှာ ဖြစ်ပါတယ်။

**ပြန်လည်သုံးသပ်သင်ခန်းစာယူသင့်**

ယခင်နှစ်ပေါင်းများစွာက မဖြစ်ခဲ့ဖူးတဲ့ ယခုလို သဘာဝဘေးမျိုး မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နေပြည်တော်ဧရိယာမျိုးမှာ "ဘာကြောင့်ဖြစ်ပေါ်ခဲ့ရသလဲ၊ ဘာကြောင့်ရေကြီးရသလဲ" စသည်ဖြင့် အကြောင်းရင်းတွေကို ပြန်လည်သုံးသပ်သင်ခန်းစာယူကြရမှာဖြစ်ပါတယ်။ သို့မှသာ ကြိုတင်ပြင်ဆင်မှုလုပ်နိုင်မှာ ဖြစ်ပါတယ်။ "ကြိုတင်သိရှိခဲ့သလား၊ ကြိုတင်ပြင်ဆင်ခဲ့သလား၊ ဘာကြောင့်မသိတာလဲ၊ ဘာကြောင့် မပြင်ဆင်နိုင်ခဲ့တာလဲ၊ အဆောက်အအုံ၊ လမ်း၊ တံတား ဘယ်လောက်ပျက်စီးခဲ့လဲ၊ ဘာကြောင့်ပျက်စီးခဲ့လဲ၊ ထိခိုက်ပျက်စီးမှု ဘယ်လောက်ကြီးမားလဲ၊ လူသေဆုံးမှု ဘယ်လောက်ရှိသလဲ"စတဲ့အချက်တွေကို ပြန်လည်သုံးသပ်ကြရပါမယ်။

အခြေခံအဆောက်အအုံကဏ္ဍမှာ အရေးကြီးတဲ့ ကျောင်းတွေ၊ ရေစီးသန်ချောင်းတွေ သဘာဝဘေးကြုံတတ်တဲ့ချောင်းတွေနဲ့ ဆက်စပ် လမ်း၊ တံတားတွေကို သဘာဝဘေးဒဏ်ခံနိုင်တဲ့ ဒီဇိုင်းတွေ လုပ်သင့်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၁)နှစ်အောက် ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၂၁**

ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၁)နှစ်အောက် ဖိတ်ခေါ်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဧည့်သည်တော်များသည် ဗိုလ်လုပွဲစဉ်အဖြစ် ပန်းတင်ကုန်းအက်ဖ်စီအသင်းနှင့် မြရောအက်ဖ်စီအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Man of The Match ဆုရရှိသည့်အားကစားသမားအား ဧရာဝတီတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ်နာယက ကလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးကစားသမားဆုရရှိသူအား ဆုတံဆိပ်နှင့် ငွေသားဆုကို ဧရာဝတီတိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အလယ်တန်း၊ နောက်တန်း၊ ဂိုးနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရရှိသူများအား ဆုတံဆိပ်နှင့် ငွေသားဆုများနှင့် ဒုတိယဆုရရှိသည့် ပန်းတင်ကုန်းအက်ဖ်စီဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မြရောအက်ဖ်စီ ဘောလုံးအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များ၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒိုင်အဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# EV Training of Trainers သင်တန်း (၂/၂၀၂၄) ဖွင့်

**နေပြည်တော် အောက်တိုဘာ ၂၁**

EV Training of Trainers သင်တန်း (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်)၌ ကျင်းပသည်။



**EV သုံးစွဲမှုများ တစ်ရှိန်ထိုးမြင့်တက်**

သင်တန်းဖွင့်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ကမ္ဘာ့စွမ်းအင် အကျပ်အတည်းနှင့် ကာဗွန်ကင်းစင်ရေးပန်းတိုင်ကြောင့် နိုင်ငံတကာ၌ EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာသည်ကို တွေ့ရှိရပြီး မိမိတို့နိုင်ငံတွင်လည်း သုံးစွဲမှု မြင့်တက်လာနေကြောင်း၊ EV သုံးစွဲသည့်ပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာ သတ်မှတ်စံနှုန်း၊ ညွှန်ကြားချက်များနှင့်အညီ အသုံးပြုနိုင်ရေး အသိပညာပေး ဆွေးနွေးပွဲများအပြင် EV လုပ်ငန်းရှင်များ၏ နည်းပညာ လိုအပ်ချက်အပေါ် မူတည်၍ လက်တွေ့ကျသော သင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း ပြောကြားပြီး EV Workshop ၌ အဆင့်မြင့် သင်ထောက်ကူ ပစ္စည်းများဖြင့် သင်တန်းသားများ လေ့လာသင်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းသို့ ပြင်ပ EV ကုမ္ပဏီများမှ သင်တန်းသား ၁၃ ဦး၊ ဝန်ကြီးဌာနများမှ သင်တန်းသား ၁၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလ ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

**ပေါင် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို ယနေ့နံနက်ပိုင်းတွင် သထုံခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲနိုင်၊ အမှတ်(၄) လေကြောင်းရန်ကာကွယ်ရေးနှင့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် ဗိုလ်မှူးကြီးထွန်းလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက ကြည့်ရှုအားပေးသည်။

ပေါင်မြို့နယ် အီဖြစ်ကျေးရွာ၊ နတ်မော်ကျေးရွာအတွင်းရှိ သန်းခေါင်စာရင်းကောက်ကွက် ခုနစ်ကွက်တို့၌ စာရင်းကောက် ၂၈ ဦးတို့က လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ ကောက်ယူလျက်ရှိရာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



# တောင်ဥက္ကလာပမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန် တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက် သုမင်္ဂလာလမ်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးရုံး ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် သဃ်န်းကျွန်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး သက်တင်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်မှူးကြီး သက်တင်အောင်၊ တောင်ဥက္ကလာပမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇင်မင်းတို့က သင်တန်းသားများအား အရန်မီးသတ်တပ်ဖွဲ့ တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ သင်တန်းကို အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ သင်တန်းသား ၅၀ ဖြင့် သင်တန်းကာလ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်၌ ယခုနှစ်ဆောင်းရာသီ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀ ကျော် စိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်မျိုးစုံ ဧက ၅၀၀ ကျော် စိုက်ပျိုးမည်ဖြစ်သည်။

" ဒီနှစ် ဆောင်းရာသီမှာ ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးဖို့ ၅၇၇ ဧကလျာထားပါတယ်။ စိုက်ပျိုးရာမှာ ချောင်းရေ၊ မြောင်းရေတင်စိုက်ပျိုးကြပါတယ်။ အခုအခါ တောင်သူတွေ ထွန်ယက်ပျိုးထောင်နေကြပါတယ်။ ထွက်ရှိတဲ့သီးနှံတွေ ဓာတုကင်းလွတ်ပြီး ကျန်းမာရေးနဲ့ ညီညွတ်အောင်စိုက်ပျိုးကြဖို့ အသိပညာပေးနေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

**ကွင်းဆင်းပညာပေး**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးသုံးစွဲရေးတို့ကို တောင်သူများအား ကွင်းဆင်းပညာပေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**



## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ပုံပြင်

# ဆရာ ဦးဖိုးသိ

ငွေတာရီ

ရှေးသရောအခါ ရွာတစ်ရွာတွင် ဆင်းရဲသော ကျေးတောသားတစ်ယောက်ရှိလေသည်။ သူ့ကို ငယ်စဉ်ကပင် မိဘနှင့်တကွ ဆွေမျိုးများကပါ "ကဏန်း"ဟု ကျီစယ်ခေါ်ဝေါ်ကြကုန်၏။ အဘယ့်ကြောင့်ဆိုသော် သူ၏လှုပ်ရှားပုံ၊ လက်ဟန်ခြေဟန်မှာ ကိုးရိုးကားရားရှိလှသောကြောင့်တည်း။ တစ်နေ့သ၌ ကဏန်းသည် ထင်းများကို လှည်းဖြင့်တင်ဆောင်လျက် မြို့သို့သွားကာ ရောင်းချလေ၏။ သူသည် ထိုထင်းများကို ပညာရှိဟုလည်း ကျော်ကြား၍ ဆေးဆရာဟုလည်း အသိအမှတ်ပြုထားကြသော ဆရာတစ်ဦးအိမ်၌ ရောင်းချလေ၏။ သူသည် ထင်းဖိုးငွေကို စောင့်နေဆဲ၊ အဆိုပါ ဆရာဆိုသူကို မြင်မိလေ၏။ ဆရာသည် မွန်မြတ်သော အစာတို့ဖြင့် ဖွယ်ဖွယ်ရာရာ တည်ခင်းထားသော ထမင်းစားပွဲ၌ ထိုင်နေလေသည်။ သူ့ကို ကြည့်ရသည်မှာ အလွန်စည်းစိမ်ရှိပုံရလေသည်။ ကဏန်းသည် ထိုဆရာကဲ့သို့ ချမ်းသာလိုသောစိတ်များ ပေါ်ပေါက်လာလေ၏။ ငါသာ ဆရာဖြစ်သော် ကောင်းလေစွဟု တောင့်တမိလေသည်။

ထို့နောက်ခဏမျှတွန့်ဆုတ်နေပြီးနောက်ကဏန်းသည် အရဲစွန့်လျက် ဆရာ့ထံသို့ ချဉ်းကပ်လေ၏။

"ဆရာ၊ ကျွန်ုပ်သည် ဆရာကဲ့သို့ ဖြစ်လိုလှပါသည်။ ဖြစ်နိုင်ပါမည်လော"ဟု သူကမေးမြန်းလေသည်။ ထိုအခါ ဆရာက–

"အဘယ်ကြောင့် မဖြစ်နိုင်ရမည်နည်း။ ဆရာဖြစ်ရန်ကား များစွာမခက်ခဲလှပါ"ဟု ဖြေကြားလေ၏။ ဤတွင် ကဏန်းသည် ဆရာဖြစ်ရန် မည်သို့ပြုရမည်ကို ဝမ်းသာအားရ စုံစမ်းလေ၏။ ဆရာကလည်း သူ့အား ဤသို့ ညွှန်ကြားလေ၏။

"အဆွေ၊ သင်သည် ရှေးဦးစွာ ကကြီး၊ ခခွေး စာအုပ်တစ်အုပ်ကို ဝယ်ပါလေ။ ထိုစာအုပ်တွင် ကြက်ရုပ်လည်းပါသည်။ ထို့နောက် သင်၏ လှည်းနှင့် နွား နှစ်ကောင်ကို ရောင်းပါလေ။ ရောင်းရသောငွေဖြင့် အဝတ်အထည်ကိုလည်း ဝယ်ပါ။ ဆရာနှင့် ဆိုင်သော ပစ္စည်းကိရိယာအချို့ကိုလည်း ဝယ်ပါ။ သို့မှသာ သင့်ကို မြင်သည်နှင့် ဆရာဟူ၍ သိနိုင်မည်။ ပြီးလျှင် 'ကျွန်ုပ်သည် အလုံးစုံကိုသိသော ဆရာဦးဖိုးသိ ဖြစ်ပါသည်' ဟု သင့်အိမ်တံခါးတွင် ဆိုင်းဘုတ် ဆွဲထားပါလေ"

ကဏန်းသည် ဆရာညွှန်သည့်အတိုင်း အလုံးစုံ ပြုလုပ်လေသည်။ သို့ပြုလုပ်ပြီး၍ မကြာမီပင် အမတ်ကြီးတစ်ဦးသည် သူ၏အိမ်သို့ ရထားစီးကာ ရောက်ရှိလာလေ၏။ ထိုအမတ်ကြီးမှာ ကြွယ်ဝသူဖြစ်သည်။ သူ၏ ငွေတချို့ကို သူခိုးခိုးခံရသဖြင့် မည်သို့ပြုရမည်မသိ ဖြစ်နေခိုက် ဆရာဦးဖိုးသိ၏ သတင်းကိုကြားခြင်းကြောင့် လာခဲ့ခြင်းဖြစ်လေသည်။ အမတ်ကြီးသည် အိမ်ဝတွင် ရပ်နေသော ကဏန်းကို မြင်လျှင် "ဆရာဦးဖိုးသိ ဖြစ်ပါသလော"ဟု မေးမြန်းလေ၏။ ကဏန်းက ဟုတ်ကြောင်း ဝန်ခံလေ၏။

ထိုအခါ အမတ်ကြီးက –

"ကျွန်ုပ်၏ ပျောက်ဆုံးသော ငွေတချို့ကို ပြန်ရရန် ဆရာဆောင်ရွက်ပေးပါ။ ယခုပင် အိမ်သို့ လိုက်ခဲ့ပါလော့"ဟု ခေါ်လေ၏။ ကဏန်းက "ကျွန်ုပ်၏ ဇနီးကိုပါ ခေါ်ခွင့်ရမှလိုက်နိုင်မည်"ဟုဆို၏။ အမတ်ကြီးလည်း သဘောတူသဖြင့် ကဏန်းနှင့် ဇနီးတို့ကို ရထားဖြင့် သူ့အိမ်သို့ ခေါ်ဆောင်ခဲ့လေ၏။ သူတို့ အမတ်ကြီးအိမ်သို့ ရောက်သောအခါ ညစာပြင်ဆင်ပြီးနေသည်ကို တွေ့ရလေ၏။ အမတ်ကြီးသည် ကဏန်းကိုပါ သူနှင့်အတူ ညစာစားရန် ဖိတ်ကြားလေသည်။ ကဏန်းကလည်း သူ၏ဇနီးပါ စားရမှ သူစားနိုင်မည်ဟု ဆို၏။ အမတ်ကြီးကလည်း ကဏန်း၏ ဇနီးကိုပါ ဖိတ်ကြားလေသည်။ သူတို့သည် စားပွဲ၌ ထိုင်မိကြသောအခါ အစေခံတစ်ယောက်သည် ဟင်းချိုပန်းကန်ကို ယူလာလေ၏။ ထိုအခါ ကဏန်းက သူ၏ဇနီးအား တံတောင်ဆစ်ဖြင့် တို့လျက် "သည်ဟာ ပထမဖြစ်သည်"ဟု ဆိုလိုက်လေသည်။ အမှန် သူဆိုလိုသည်မှာ ထိုဟင်းချိုသည် ပထမဆုံးစားရန် အစာဖြစ်သည်ဟု ဖြစ်လေသည်။ သို့ရာတွင် အမတ်ကြီး၏ ငွေကို ခိုးယူထားမိသော ထိုအစေခံကမူ သူ့အား "ပထမသူခိုး" ဖြစ်ကြောင်း ညွှန်ပြသည်ဟု ထင်မှတ်လေ၏။

ထို့ကြောင့် သူသည် မီးဖိုဆောင်တွင်းသို့ ပြန်ရောက်သောအခါ သူ၏ ခိုးဖော်၊ ခိုးဖက် အစေခံများအား အကြောင်းကို ပြန်ပြောပြလေ၏။ ထိုအကြောင်းကိုကြားလျှင် ဒုတိယအစေခံသည် ထမင်းစားခန်းသို့ မသွားဝံ့တော့ချေ။ သို့သော် မသွားလျှင် မဖြစ်သောကြောင့် ဟင်းပန်းကန်ကို သွားပို့ရပြန်သည်။ ရှေးနည်းတူပင် ကဏန်းသည် သူ့အား မြင်သည်နှင့်တစ်ပြိုင်နက် ဇနီးဖြစ်သူအား တံတောင်ဖြင့် တွက်လျက် 'သည်ဟာ ဒုတိယဖြစ်သည်'ဟု ဆိုပြန်၏။ ထိုသူမှာလည်း အကယ်ပင် ခိုးရာ၌ ကူညီသူဖြစ်ရကား စိတ်မလုံဘဲ အခန်းတွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။ တတိယအစေခံမှာလည်း ထိုနည်းတူပင် ညွှန်ပြခြင်း ခံရပြန်၏။

ထို့နောက် လေးယောက်မြောက်သော အစေခံသည် အဖုံးဖုံးထားသောအုပ်တစ်ခုကို ယူဆောင်လာလေသည်။ အမတ်ကြီးသည် ဆရာဦးဖိုးသိ၏ အစွမ်းကို စမ်းသပ်လိုရကား ထိုအုပ်ထဲ၌ မည်သည့်အရာပါရှိကြောင်း မေးမြန်းလေ၏။ ထိုအုပ်ထဲ၌ကား ကဏန်းများ ပါရှိလေသည်။ ကဏန်းသည် ထိုအုပ်ကို အတန်ကြာ တွေဝေကြည့်နေရာမှ သူ၏အခက်အခဲကို တွေးကာ သူ့ကိုယ်သူ သနားလှသဖြင့် "ဩော်– သနားဖွယ်ကောင်းပါဘိ ကဏန်းရယ်"ဟု စိတ်ပျက်လက်ပျက် ညည်းညူရှာလေ၏။

ထိုစကားကို ကြားလျှင် အမတ်ကြီးက "ကောင်းလေစွ – ကောင်းလေစွ၊ ဆရာသည် အလုံးစုံကို တကယ်ပင် သိပါပေသည်"ဟု ဝမ်းမြောက်ဝမ်းသာ ချီးကျူးလေ၏။ သူ၏ ပျောက်ဆုံးသော ငွေများကိုလည်း မုချပင် ပြန်ရပေလိမ့်မည်ဟု ယုံကြည်လိုက်လေ၏။ အစေခံမှာလည်း အလွန်တုန်လှုပ်ခြင်းဖြစ်လေတော့၏။ ထို့ကြောင့် အမတ်ကြီးအလစ်တွင် သူသည် ကဏန်းအား မျက်ရိပ်ပြ၍ အပြင်သို့ ခေါ်လေ၏။ အပြင်ဘက်၌မူ အစေခံလေးယောက်တို့သည် စုကာ စောင့်နေကြလေသည်။ သူတို့သည် ဆရာဦးဖိုးသိအား အမတ်ကြီးငွေကို သူတို့ ခိုးမိကြောင်း ဖွင့်ဟဝန်ခံကြကုန်၏။ ငွေကို ဝှက်ထားသောနေရာကိုလည်း ပြောပြကြလေ၏။ ထို့ပြင် သူတို့ခိုးကြောင်း အမတ်ကြီးအား မပြောရန် နှုတ်ပိတ်ခ ငွေအမြောက်အမြားပေးမည်ဖြစ်ကြောင်းကိုလည်း ပြောပြကြကုန်၏။

ဆရာဦးဖိုးသိလည်း များစွာနှစ်သက်သဖြင့် အမတ်ကြီးအား မပြောပါဟု ကတိပေးလိုက်လေသည်။ အစေခံတို့လည်း ဝမ်းမြောက်ခြင်းဖြစ်ကြကုန်၏။ ထို့နောက် သူသည် အခန်းတွင်းသို့ ပြန်ဝင်ခဲ့လေ၏။ သူသည် စားပွဲတွင် အမတ်ကြီးနှင့်အတူ ထိုင်လေသည်။ ပြီးမှ သူ၏ ကကြီး၊ ခခွေးစာအုပ်ကို ထုတ်ကာ–

"ယခု ကျွန်ုပ်သည် မည်သည့်အရပ်၌ ငွေများ ဝှက်ထားသည်ကိုကြည့်လိုက်ဦးမည်"ဟု ဆိုလေသည်။ ထိုအခိုက်တွင် ငါးယောက်မြောက်သောအစေခံသည် တံခါးကြားသို့ဝင်ကာ နားထောင်နေလေ၏။ ထိုအစေခံမှာလည်း ခိုးမှုတွင် ပါဝင်သူဖြစ်လေသည်။ သူသည် ဆရာဦးဖိုးသိ မည်သို့ဟောမည်ကို အာရုံပြုနေလေသည်။

ထိုစဉ်တွင် ဦးဖိုးသိသည် ကြက်ရုပ်ကို သူ၏ စာအုပ်တွင်း၌ ရှာဖွေနေလေ၏။ သူသည် မတွေ့သဖြင့် စိတ်မရှည်တော့ချေ။ ထို့ကြောင့်

"ထွက်ခဲ့လော့၊ ပုန်းမနေနှင့်၊ သင်တို့ သင်တို့ ဘယ်နေရာ၌ ရှိသည်ကို ကျွန်ုပ် သိသည်"ဟု ဆိုလိုက်လေ၏။ ထိုအခါ တံခါးကြားရှိ အစေခံသည် သူ့အား ပြောသည် ထင်မှတ်ကာ ထိတ်လန့်တကြား ထွက်ပြေးလေ၏။ သို့ပြေးရင်းနှင့် နှုတ်မှလည်း –

"ထိုသူသည် အလုံးစုံကို သိသည်၊ အကုန်လုံးကို သိသည်၊ အကုန်လုံး နားလည်သည်"ဟု ဟစ်အော်သွားလေသည်။ ဆရာဦးဖိုးသိလည်း ငွေများဝှက်ထားသော နေရာကို အမတ်ကြီးအား ညွှန်ပြလေ၏။ သို့သော် သူသည် အစေခံများအား သစ္စာမဖောက်ချေ။ ထို့ကြောင့် သူသည် အမတ်ကြီးထံမှ ငွေများလည်း ရ၍ အစေခံများထံမှလည်း ငွေအမြောက်အမြား ရရှိလေသည်။ ထိုနေ့မှစ၍ ဆရာဦးဖိုးသိသည် ချမ်းသာကြွယ်ဝသူအဖြစ်သို့ ရောက်ရှိကာ အနီးအဝေး၌ ကျော်ကြားလေသတည်း။

**ဆရာမ ငွေတာရီ၏ မပန်းဇင်နှင့် အခြားပုံပြင်များ စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

(၈-၁၀-၂၀၂၄ ရက်နေ့မှအဆက်)



(ဆက်လက်ဖော်ပြပါမည်)

# ကလေးမြို့ ကျီကုန်းကျေးရွာ ဘဝအလင်းတန်း စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**မုံရွာ အောက်တိုဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် ကလေးမြို့နယ် ကျီကုန်းကျေးရွာရှိ ဘဝအလင်းတန်းစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့် ကလေးတပ်နယ်မှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦးတို့က ဘဝအလင်းတန်းစာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့်များရရှိနိုင်ရန် လူနေမှုအဆောက်အအုံကြီးထဲတွင် ပြည်သူများ အေးချမ်းသာယာစွာ နေထိုင်နိုင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ဖွင့်လှစ်ပေးလိုက်သည့် ဘဝအလင်းတန်း စာကြည့်တိုက်ကို ထာဝစဉ်ရှင်သန် ဖွံ့ဖြိုးတိုးတက်အောင် တာဝန်ရှိသူအားလုံးက စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ် ကြောင်း ပြောကြားသည်။

အဆိုပါ ဘဝအလင်းတန်းစာကြည့်တိုက်သည် မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ ပံ့ပိုးငွေကျပ် သိန်း ၁၅၀ ဖြင့် မတည်ကာ ဆောက်လုပ်ခဲ့ကြောင်းသိရှိရပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘဝအလင်းတန်း စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေး ငွေကျပ်- ၁၀ သိန်းတန်ဖိုးရှိ သုတ/ရသစာအုပ် ၄၁၄ အုပ်ကို ထောက်ပံ့ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုလေ့လာနေမှုများနှင့် စာအုပ် စာစောင်များ စနစ်တကျထားရှိမှုများကို လိုက်လံကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကလေးမြို့နယ် ကျီကုန်းကျေးရွာနှင့် အင်ဒိုင်းကြီးကျေးရွာတို့မှ ကျောင်းသူလေးများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ကျီကုန်းကျေးရွာနှင် အင်ဒိုင်းကြီးကျေးရွာ အခြေခံပညာကျောင်းများရှိ ကျောင်းစာကြည့်တိုက်များအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီကို ကျောင်းအုပ်ကြီးများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ၊ မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး အတွင်းရှိ ခရိုင် ၁၄ ခရိုင်မှ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက် ပြီးစီးခဲ့မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။



ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယကက တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားကာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့၏ ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# အုတ်တွင်းမြို့နယ်၌ စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပ

**အုတ်တွင်း အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အောက်တိုဘာ ၁ ရက်ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ (၂၁)၊ အမှတ်(၁၉)ပါ ချစ်နိုင် (စိတ်ပညာ)ရေးသားသည့် ပုစ္ဆာသုံးပုဒ်ပုံပြင်ဖြင့် ကျောင်းသား ကျောင်းသူများက စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ကဗျာရွတ်၊ ပုံပြောနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အကြို ကဗျာရွတ်၊



ပုံပြောနှင့် ကျပန်းစကားပြော (မြို့နယ်အဆင့်) ပြိုင်ပွဲများကို ယနေ့ နံနက် ၉နာရီက ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများကို ကျောက်ပန်းတောင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ကဗျာရွတ်ပြိုင်ပွဲကို မူလတန်းအဆင့်၊ ပုံပြောပြိုင်ပွဲများကို အလယ်တန်းအဆင့်နှင့် ကျပန်းစကားပြောပြိုင်ပွဲကို အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲများ မကျင်းပမီ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသက်နွယ်က အမှတ်ပေးစည်းမျဉ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဒိုင်များအဖြစ် ကြီးကြပ်ဆောင်ရွက်ကြကာ အကောင်းဆုံးယှဉ်ပြိုင်နိုင်သူများမှာ ခရိုင်အဆင့် ပြိုင်ပွဲများ၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မြစ်သားမြို့ရှိ ရေဘေးသင့်ပြည်သူများအား ကြက်ခြေနီအသင်းခွဲက သွားရောက်ကူညီလှူဒါန်း

**မြစ်သား အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီးမြစ်သားမြို့ ဘူတာရပ်ကွက်အတွင်းရှိရေဘေးသင့်ပြည်သူများကို မြို့နယ်ကြက်ခြေနီအသင်းခွဲက အောက်တိုဘာ ၂၀ ရက်မွန်းလွဲပိုင်းက ပစ္စည်းများ သွားရောက်ကူညီလှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင် မိတ္ထီလာမြို့ကြက်ခြေနီစေတနာလုပ်အားရှင်များက လှူဒါန်းသော အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် ဖျာပုံမြို့နယ်တို့မှ ပေးပို့လှူဒါန်းသော ငါးပိထုပ်များကို မြစ်သားမြို့နယ်ကြက်ခြေနီအသင်းခွဲက မြစ်သားမြို့ ဘူတာရပ်ကွက်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် သွားရောက်ကူညီလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်**



# သီတင်းကျွတ်ကာလအတွင်း ငွေဆောင်ကမ်းခြေသို့ ခရီးသွားဧည့်သည် ၁၀၀၀၀ ကျော် လာရောက်လည်ပတ်

ငွေဆောင် အောက်တိုဘာ ၂၁

ဧရာဝတီ တိုင်းဒေသကြီး ငွေဆောင်မြို့ရှိငွေဆောင်ကမ်းခြေသို့ သီတင်းကျွတ်( ရုံးပိတ်ရက်) ကာလဖြစ်သော အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၁၆၁၅၁ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။



**လာရောက်အပန်းဖြေ**

ငွေဆောင် ကမ်းခြေသည် ပြည်တွင်းသာမက ပြည်ပခရီးသွားဧည့်သည်များပါ နှစ်သက်ရာ ကမ်းခြေတစ်ခုဖြစ်ပြီး ယခုနှစ် သီတင်းကျွတ် ကာလတွင် ပြည်တွင်း ခရီးသွားဧည့်သည် ၁၅၄၄၁ ဦး၊ ပြည်ပခရီးသွားဧည့်သည် ၇၁၀ စုစုပေါင်း ၁၆၁၅၁ ဦး လာရောက်အပန်းဖြေခဲ့ကြကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသို့ နှစ်စဉ် ခရီးသွားဧည့်သည် ဝင်ရောက်မှုများပြားစေရေးနှင့် ကမ်းခြေခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ မြို့အဆင့်ဌာနဆိုင်ရာများ၊ ငွေဆောင်ဟိုတယ်ဇုန် လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှု အခြေခံသင်တန်းနှင့် နိုင်ငံခြားဘာသာစကား အခြေခံသင်တန်းများ ဖွင့်လှစ်ခြင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပခြင်း၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

❖



# မိုင်းယောင်းမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

မိုင်းယောင်း အောက်တိုဘာ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အမက(၇)၌ ကျင်းပသည်။

**ဟောပြော**

ဦးစွာ အမက(၇) ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ MSME၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် စာကြည့်တိုက်နှင့် စာအုပ်စာပေ၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးနှင့် ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြပြီး စာအုပ်ပြပွဲ၊ အသိပညာပေး နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**နန်းပန်(ပြန်/ဆက်)**

# သောက်သုံးရေ လိုအပ်နေသော ကျေးရွာနေပြည်သူများအား ရေလှူဒါန်း

ညောင်ဦး အောက်တိုဘာ ၂၁

ညောင်ဦးမြို့ မြင့်မြတ်သူ သောက်သုံးရေဆပ်ကော်မတီက တောင်ဇင်းကျေးရွာအုပ်စု ကွမ်းကြီးတဲတိုက်ရှိဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းက ရေသယ်ယာဉ်ဖြင့်သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ထိုသို့ သောက်သုံးရေများ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူ သောက်သုံးရေ ဆပ်ကော်မတီမှ ဦးအောင်ငြိမ်း ဦးဆောင်သော ကော်မတီအဖွဲ့ဝင်များက ကွမ်းကြီးတဲတိုက်ရှိ ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန်အတွက် ရေဂါလန် ၁၅၀၀ အား အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၂၀ ရက်ကလည်း ညောင်ဦးမြို့နယ် တောင်ဇင်း ကျေးရွာအုပ်စု ဘုန်းတော်ကျေးရွာမှ မြင်သာဘုန်းတော်ကြီး ကျောင်းရှိ ဆရာတော်၊ သံဃာတော်များ သောက်သုံးရေ ဖူလုံစေရန် ရေဂါလန် ၁၅၀၀ အား ရေလှောင်ကန်အတွင်း ဖြည့်တင်းလှူဒါန်း ပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် အတွင်းရှိ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစေရေး ပရဟိတ ရေလှူအသင်းအဖွဲ့များက ရပ်ဝေးရပ်နီးမှ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းကူညီမှုဖြင့် ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ဒေးဒရဲမြို့နယ်၌ လေပြင်းတိုက်ခတ်ခြင်းနှင့် ဒီရေမြင့်တက်မှုကြောင့် နေအိမ်အချို့ ပြိုလဲပျက်စီး

ဒေးဒရဲ အောက်တိုဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ဆားကျင်းကျေးရွာတွင် ယနေ့နံနက် ၇ နာရီခန့်က လေပြင်းတိုက်ခတ်ခြင်းနှင့် ဒီရေမြင့်တက်မှုကြောင့် နေအိမ်သုံးလုံး ရေစီးဖြင့်မျောပါပျက်စီးပြီး နေအိမ်တစ်လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များကြောင့် လူနှင့် တိရစ္ဆာန် တစ်စုံတစ်ရာထိခိုက်မှု မရှိကြောင်းနှင့် နေအိမ်ပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စုဝင်များအား ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များက နီးစပ်ရာဆွေမျိုးများထံသို့ ခေတ္တပို့ဆောင်ထားကြောင်းနှင့် ပျက်စီးသွားသော အိမ်ထောင်စုများအား ကူညီထောက်ပံ့နိုင်ရေး ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

# သရက်မြို့၌ ပလတ်စတစ် သုံးစွဲမှုလျှော့ချရေး ဆောင်ရွက်

သရက် အောက်တိုဘာ ၂၁

မကွေးတိုင်းဒေသကြီး သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲစေရန် မြို့မဈေးအတွင်း ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် အင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင်လက်ဆွဲခြင်းများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**


နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့


## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့် စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပေါက်မြို့နယ်၌ ပဲစင်းငုံသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပေါက် အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြကြောင်း၊ ပြည်တွင်းဈေးကွက်ဝင်၍ ပြည်ပပို့ကုန် ပဲတစ်မျိုးဖြစ်သည့် ပဲစင်းငုံသီးနှံကို ယခင်နှစ်၌ စိုက်ဧက ၇၀၀၀ ခန့် စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် ပဲစင်းငုံသီးနှံပေါ်ချိန်မှ သီးနှံကုန်ချိန်အထိ ဒေသတွင်းအရောင်းအဝယ်ဖြစ်မှုအပြင် ပြည်ပဝယ်လိုအားကောင်း၍ အကျိုးအမြတ်များစွာရရှိသည့်အတွက် စိုက်ဧက ၈၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးလာကြသည်။



ပေါက်မြို့နယ်အတွင်းရှိ ရွာတောအုပ်စု ကျေးရွာများတွင် ပဲစင်းငုံသီးနှံ ဧက ၁၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ မျိုးအနေဖြင့် ပဲစင်းငုံအဝါမျိုးနှင့် အနီမျိုးများကို စိုက်ပျိုးကြပြီး ပင်ကြားနှစ်ပေ၊ တန်းကြား လေးပေအကွာ ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ပဲစင်းငုံသီးနှံကို မိုးဦးရာသီ ဇွန်လတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် သီးနှံထွက်ပေါ်ကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၉-၁၀ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုနှင့် သွင်းအားစုသုံးစွဲမှုအပေါ်မူတည်၍ အထွက်နှုန်းများကွာခြားမှုရှိကြောင်း၊ သီးနှံပေါ်ချိန်တွင် ဒေသတွင်းဈေးကွက်၌ ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀၀-၁၅၀၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်၍ ရောင်းချရသဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ဒုတိယပတ်တွင် ပဲစင်းငုံတစ်တင်းလျှင် ငွေကျပ် ၁၄၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိသည့် သီးနှံများကို ပခုက္ကူမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံသီးနှံစိုက်ခင်းများမှာ အပွင့်အသီးများဖြင့် ဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်ပိုမိုရရှိရန် မျှော်လင့်လျက်ရှိကြောင်း၊ ပဲစင်းငုံသီးနှံသည် ပြည်ပပို့ကုန်သီးနှံတစ်မျိုးဖြစ်ပြီး ဈေးနှုန်းကောင်းမွန်ခြင်း၊ စိုက်ပျိုးရန်လွယ်ကူခြင်းနှင့် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိခြင်းတို့ကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

# ကြံခင်းမြို့နယ်၌ မိုးမြေပဲစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

**ကြံခင်း အောက်တိုဘာ ၂၁**

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့နယ်သည် ရာသီဥတုကောင်းမွန်သည့် အတွက် စိုက်ပျိုးရေး လုပ်ငန်းများကို အဓိက လုပ်ကိုင်လျက်ရှိရာ မိုးမြေပဲ စိုက်ဧက ၃၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း၊ မိုးမြေပဲကို မေလတွင် စိုက်ပျိုးပြီး ဩဂုတ်လတွင် လှိုင်လှိုင် တူးဖော်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက်မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် မြေပဲ တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၆၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧက ပျမ်းမျှ ၆၁ တင်းခန့် ထွက်ရှိကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတု ကောင်းမွန်မှုကြောင့် မြေပဲအထွက်နှုန်း ကောင်းမွန်ကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒေသတွင်းပေါက်ဈေးမှာ မြေပဲသီးနှံ အရည်အသွေးပေါ် မူတည်၍ မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၂၇၀၀၀-၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းရောင်းချမှုအပြင် ကြံခင်းမြို့နယ်အတွင်းမှထွက်ရှိသော မြေပဲသီးနှံများကို ဒေသခံကုန်သည်များမှ ဝယ်ယူ၍ ရန်ကုန်မြို့သို့ တိုက်ရိုက်တင်ပို့ ရောင်းချကြောင်း သိရသည်။



**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

# ကျောက်ဆည်ခရိုင်တွင် ရုံးပတီသီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**မန္တလေး အောက်တိုဘာ ၂၁**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို အဓိကထား လုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည့်သီးနှံများ စိုက်ပျိုးသည့်အပြင် စားဖိုဆောင်သီးနှံများကိုလည်း ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ ရုံးပတီသီးကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

ရုံးပတီသီးမျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုး စသည်ဖြင့်ရှိပြီး ပင်မြင့်မျိုး (Finger One) ရုံးပတီမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ၁၂ ထုပ် စိုက်ပျိုးရပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးနှံကို စိုက်ပျိုးပြီး ၄၅ ရက်အကြာတွင် စတင်ခူးဆွတ်ရ၍ တစ်ရက်ခြား တစ်ကြိမ်နှုန်းဖြင့် သက်တမ်းနှစ်လထိ ခူးဆွတ်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ရုံးပတီသီး ပိဿာချိန် ၁၅၀၀ ခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀ - ၂၃၀၀၊ လက်လီဈေး တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၂၆ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှာ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြကြောင်း၊ ရုံးပတီပင်သည် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ဈေးကောင်းရရှိသည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ် ပိုမိုရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။



## ၂၁- ၁၀ - ၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၂၂၀၀၀ | ၈၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၅၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၈၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၇၁၈၅ | ၁၇၀၀၀ | ၃၃၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၂၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၅၅၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၇၅၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၀၈၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၄၅၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၇၅၀ | ၁၅၀၀၀ | ၃၈၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၆၆၅၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၉၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၂၀၀၀ | ၇၁၀၀ | ၈၀၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၂၆၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၇၃၀၀ | ၁၀၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၁၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၂၅၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၁၈၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၆၀၀ | ၉၅၀၀ | ၇၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၅၂၀၀ | ၂၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၉၀၀၀ | | ၁၈၀၀၀ |

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အလွတ်တန်းဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး

တောင်ကြီး အောက်တိုဘာ ၂၁

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် ရှမ်းပြည်နယ်စားပွဲတင်တင်းနစ် ဆပ်ကော်မတီတို့ ပူးပေါင်းကျင်းပသည့် အလွတ်တန်း ဖိတ်ခေါ်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် ညနေ ၄ နာရီက ရှမ်းပြည်နယ်လေ့ကျင့်ရေး အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အားကစား ဝါသနာရှင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်အားပေး ကြည့်ရှုကြသည်။



ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗိုလ်လုပွဲ အဖြစ် ဗထူးစားပွဲတင်တင်းနစ်ကလပ် (၁)အသင်း နှင့် ဗထူးစားပွဲတင်တင်းနစ်ကလပ် (၃)အသင်း တို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်က ဒိုင်အဖွဲ့ဝင်များ အတွက် ဂုဏ်ပြုဆု၊ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က ပူးတွဲ တတိယရရှိသည့် တောင်ကြီး (၁)အသင်းနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းက တောင်ကြီး(၃)အသင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်က ဒုတိယဆုရရှိသည့် ဗထူးစားပွဲတင်တင်းနစ်ကလပ် (၃)အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုနှင့်တံခွန်စိုက် ဆုဖလားရရှိသည့် ဗထူးစားပွဲတင်တင်းနစ်ကလပ် (၁)အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု နှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါအားကစားပြိုင်ပွဲကို အောက်တိုဘာ ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ပြီး အသင်းပေါင်း ၂၇ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# MNL အမှတ်ပေးပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် ဒဂုံစတားယူနိုက်တက်အသင်း အနိုင်ရ



အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၂) နောက်ဆုံးနေ့ကို အောက်တိုဘာ ၂၁ ရက်က ဆက်လက်ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း အနိုင်ရခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရတနာပုံ အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့က သရေကျခဲ့သော်လည်း ယခုပွဲတွင် အား/ကာသိပ္ပံအသင်းက နိုင်ပွဲရယူနိုင်ခဲ့သည်။ နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာသလို ခြေစွမ်းမကွာသည့်အသင်းနှစ်သင်း တွေ့ဆုံသောကြောင့် ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသော်လည်း အား/ကာသိပ္ပံအသင်းက ဒုတိယပိုင်းသွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အား/ကာသိပ္ပံအသင်းအတွက် အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ဝင်းပြည့်မောင်နှင့် ၈၃ မိနစ်တွင် ဝင်းဝင်းထွန်းတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အား/ကာသိပ္ပံတိုက်စစ်မှူး ဝင်းပြည့်မောင်က ရရှိသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၄၄ မိနစ်တွင် စွမ်းထက်က သွင်းယူခဲ့သည်။ ဇယားအောက်ဆုံးရောက်နေသည့် ရခိုင်ယူနိုက်တက်အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရမည် ဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် စွမ်းထက်က ရရှိသည်။

ပွဲစဉ် (၁၂) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၃၄ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၁ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၀၊ ဒဂုံစတားယူနိုက်တက် အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၁၈ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ မှတ်၊ Dagon Port အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ၁၀ မှတ်၊ ရွှေဝတီယူနိုက်တက်အသင်းက ငါးမှတ်၊ မြဝတီအသင်းက လေးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်မှတ် ရရှိထားသည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-MNL

# ချယ်လ်ဆီးကို အနိုင်ရပြီး လီဗာပူးအသင်း အမှတ်ပေးဇယားထိပ်၌ ဆက်လက်ရပ်တည်နိုင်ခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၈)ရဲ့ အကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်တဲ့ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီး အသင်းတို့ပွဲစဉ်မှာ လီဗာပူးအသင်းက ချယ်လ်ဆီး အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ် အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။

## သွင်းယူပေးခဲ့

လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်း ပွဲကစားချိန် ၂၉ မိနစ်မှာ မိုဟာမက် ဆာလာက ပင်နယ်တီကနေတစ်ဂိုး၊ ဒုတိယပိုင်း ပွဲကစားချိန် ၅၁ မိနစ်မှာ ကာတစ်ဂျုံးစ်ကတစ်ဂိုး သွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ဒုတိယပိုင်းပွဲကစားချိန် ၄၈ မိနစ်မှာ ဂျက်ဆင်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လီဗာပူးအသင်းအနေနဲ့ ချယ်လ်ဆီးအသင်းကို အနိုင်ရရှိခဲ့ခြင်းဟာ နယ်သာလန်အသင်းနည်းပြ စလော့အနေနဲ့ လီဗာပူးအသင်းကို စတင်ကိုင်တွယ်ခဲ့တဲ့ ပထမ ၁၁ ပွဲမှာ ၁၀ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းလည်းဖြစ်ပါတယ်။

## ကျေနပ်ခဲ့ရ

လီဗာပူးအသင်းဟာ အောက်တိုဘာ ၂၇ ရက်မှာ ပရီမီယာလိဂ်ပြိုင်ဘက်အသင်း တစ်သင်းဖြစ်တဲ့ အာဆင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းကတော့ လီဗာပူးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကာရာဘောင်ဖလားနဲ့ အက်ဖ်အေဖလားတို့



အပါအဝင် ၁၀ ပွဲအထိ နိုင်ပွဲပျောက်ဆုံးမှုနဲ့ ရင်ဆိုင်ခဲ့ရပြီး လက်ရှိပရီမီယာလိဂ်ပြိုင်ပွဲမှာလည်း အမှတ်ပေးဇယားအဆင့် (၆)နေရာနဲ့ပဲ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

ငွေကြယ်


**"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"**

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၂၇၊ အကျယ်အဝန်း(၁၄ပေ x ၅၀ပေ)ရှိ မြေပိုင်မြေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၂၇၊ နဝဒေး (၃) လမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်နှင့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** ရောင်းသူ ဒေါ်မာမာချို [၁၂/မရက(နိုင်)၁၂၇၄၆၂] မှ (၁၅-၇-၂၀၂၄)ရက်နေ့စွဲပါ "အမွေခွဲဝေခြင်းစာချုပ်" ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာဖြင့်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ အနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

**"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"**

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် - ၁၄/၃၊ မြေကွက်အမှတ် - ၂၁၁/၁၊ အကျယ်အဝန်း(၂၆၃၂)စတုရန်းပေ၊ ဧရိယာ(၀.၀၆၀)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် - ၂၁၁/၁၊ သစ္စာလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်သန်းကြည် (PPN-၀၈၀၄၂၂) [၁၂/ဥကတ(နိုင်)၁၀၅၀၃၈] အမည်ပေါက် လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ရောင်းသူ ဦးသန်းအောင်လင်း [၁၀/မဒန(နိုင်)၁၆၂၆၄၅] မှ (၁၆-၅-၂၀၂၄) ရက်စွဲပါစာချုပ်အရ မိမိသာလျှင် အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချခွင့်ရှိသည့်မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်သည့် အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက် နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ ဒူးယားလမ်း၊ မြေကွက်အမှတ်(၅၂၂) မြေအကျယ်အဝန်း(အလျား၂၆ x အနံ ၆၀)ပေရှိ (ဂရန်မူရင်း)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးသိန်းအေး[၁၂/ဗဟန(နိုင်)၀၃၅၉၈၆] (AA-005543)အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ကျင်လှိုင် [၁၂/ဗဟန(နိုင်)၀၃၅၀၅၅]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း ကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက် လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်း(မူရင်း)များ နှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**


# အာဆီယံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအပါအဝင် ငါးသင်းပါဝင် ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၁

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းအပါအဝင် အိမ်ရှင်ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှားအသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး နိုဝင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အဆင့် ၁ နှင့် အဆင့် ၂ ရပ်တည်မှုရ နှစ်သင်းမှာ ဗိုလ်လုပွဲ၊ အဆင့် ၃ နှင့် အဆင့် ၄ နေရာရ အသင်းတို့မှာ တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၁၆ ရက်တွင် ဖိလစ်ပိုင်အသင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဗီယက်နမ်အသင်း၊ နိုဝင်ဘာ ၁၈ ရက်တွင် ထိုင်းအသင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ကိုညီလေး

## လက်ထပ်ပြီးစီးကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော မောင်စောဂျင်မီနှင့် မအေးမို့မို့သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒို(၄)ရပ်ကွက်နေ ဦးထင်ကျော်နှင့် ဒေါ်ခင်မာချိုတို့၏သား မောင်စောဂျင်မီ[၇/ကတခ(နိုင်)၁၃၇၄၁၃]၊ အသက်(၃၅)နှစ်၊ ကရင်လူမျိုး၊ ခရစ်ယာန်ဘာသာကိုးကွယ်သူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောဝ၊ မုဒိတာအိမ်ရာ၊ 2B/499(B)နေ ဦးမောင်မောင်အေးနှင့် ဒေါ်ချိုချိုမြင့်တို့၏သမီး မအေးမို့မို့သူ(ISN-၆၅၃၇၇၀)၊ အသက်(၃၅)နှစ်၊ ဗမာ+ အိန္ဒိယလူမျိုး ဟိန္ဒူဘာသာကိုးကွယ်သူတို့သည်(၁၈-၁၀-၂၀၂၄)ရက်နေ့တွင် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ အင်းစိန်မြို့နယ်နေအိမ်တွင် လက်ထပ်ပြီးစီး ပြီဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်စောဂျင်မီ နှင့် မအေးမို့မို့သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်သိမ့် ( LL.B, D.B.L ) ဦးခန့်ဇော်ဇော် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၂၁) အထက်တန်းရှေ့နေ(စဉ်-၅၄၆၂၈)**
**အမှတ်(၆၉၅)၊ မေတ္တာလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၁၀၅၈၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊(၂၀)ရပ်ကွက်၊ ပေါ်တော်မူပတ်လမ်း၊ မြေကွက်အမှတ်-၄၆/၁၀၃၁၊ ဦးကျီးညို အမည်ပေါက် ပါမစ်မြေ အကျယ်အဝန်း ၄၀ပေx၆၀ပေ မြေကွက်ထဲမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စန်းစန်းခိုင်[၁၂/ရပသ(နိုင်)၀၈၂၂၂၇]မှ (၁၀ပေx၆၀ပေ) မြေကွက်နှင့်အိမ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စီစီမာ[၁၂/မဂတ(နိုင်)၀၅၀၉၅၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် မြေနှင့်အိမ်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေနှင့် အိမ်အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စီစီမာ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်အိန္ဒြာကြည်တင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၅၀၂၆/၂၀၁၈)** | **(စဉ်-၁၃၅၇၇/၂၀၁၇)** |
| **ဖုန်း-၀၉-၇၉၉၃၇၇၆၉၁** | **ဖုန်း-၀၉-၄၃၁၁၂၁၀၁** |

**အမှတ်-၃၀၊ ၃လွှာဘီ၊ ပုသိမ်ညွှန့် ၆ လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွှန့်မြို့နယ်။**

## ဒေါ်လွင်လွင်ထွန်း [၁၄/ဘကလ(နိုင်)၂၀၉၇၅၈]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ်(၅၆/အေ) စတုတ္ထထပ်တွင် နေထိုင်သော ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးပြည့်ဖြိုးလွင် [၁၂/ဒဂန(နိုင်)၀၃၃၈၀၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ပရွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၅၈)၊ ဆင်းကူးအရှေ့ကွင်း၊ ဦးပိုင်အမှတ်-၄/C-၁၀ အနက်မှ (၂)လမ်းနှင့် မိန်းလမ်းထောင့်ရှိ မြေကွက်အမှတ် (၁၀/၈)၊ အလျား (၄၀)ပေxအနံ (၆၀)ပေ ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမျိုးမင်းဟိန်း [၁၂/တကန(နိုင်)၂၂၉၄၈၇] နှင့် ဒေါ်လွင်လွင်ထွန်း [၁၄/ဘကလ(နိုင်)၂၀၉၇၅၈]ထံမှ (၂၄-၅-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အပြီး အပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်ခဲ့ပါသည်။ ထိုအချိန်၌ ဒေါ်လွင်လွင်ထွန်းက အဆိုပါ ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချလိုက်သည့် မြေကွက်ပေါ်တွင် နေထိုင်နေသူဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်လွင်လွင်ထွန်းက ဝါတွင်းကာလဖြစ်သဖြင့် ရောင်းချလိုက်သောအဆိုပါ မြေကွက်ပေါ်တွင် ဆက်လက်နေထိုင်ခွင့်ပြုပါရန် တောင်းဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှလည်း လူမှုရေးအရ ဆက်လက်နေထိုင်ခွင့်ပြုခဲ့ပါသည်။ ဒေါ်လွင်လွင်ထွန်းက အဆိုပါမြေကွက်ပေါ်တွင် နေထိုင်နေစဉ် ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်းတွင် ငွေကြေးအခက်အခဲဖြစ်ပေါ်နေသဖြင့် လပိုင်းအသုံးပြုရန်အတွက် အကူအညီပေးပါရန် ကျွန်ုပ်၏မိတ်ဆွေအား ပြောဆိုအကူအညီတောင်းခံခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ခင်မင်ရင်းနှီးသူဖြစ်သဖြင့် ယုံကြည်ပြီး ကျွန်ုပ်၏ မိတ်ဆွေမှ ငွေကျပ်သိန်း(၃၀၀)တိတိကို အကူအညီပေးခဲ့ပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလအကုန် (ဝါကျွတ်ကာလ)ရောက်တော့မည်ဖြစ်သဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ နေအိမ်မှ ဖယ်ရှားပေးရန်နှင့် ကူညီထားသောငွေကျပ် သိန်း (၃၀၀)ကို ပြန်လည်ပေးအပ်ပါရန် ဖုန်းဖြင့် ပြောဆိုသောအခါ ဒေါ်လွင်လွင်ထွန်းမှဖုန်းပိတ်ထားခြင်း၊ ၎င်း၏အမျိုးသားဖြစ်သူ ဦးဆိုင်ယုံ [၁၃/ကခန(နိုင်)၀၆၇၃၂၃] မှာလည်း ဖုန်းပိတ်ထားခြင်း၊ ဖုန်းပြန်လည်မဖြေခြင်းများကို ပြုလုပ်ကာရှောင်နေကြပါသည်။ ဒေါ်လွင်လွင်ထွန်းအပါအဝင် မိသားစုနေထိုင်ရာ နေအိမ်ဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဝယ်ယူထားသည့် မြေကွက်နှင့် နေအိမ်သို့ လိုက်သွားသည့်အခါ ခြံနှင့်နေအိမ်အား သော့ပိတ်ခတ်ကာ တိမ်းရှောင်နေပါသည်။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေက မိမိဝယ်ယူထားသည့်နေအိမ်အား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအား ခေါ်ဆောင်၍ ဒေါ်လွင်လွင်ထွန်းတို့ခတ်ထားသောသော့အား မဖျက်ဘဲ မိမိ၏သော့ဖြင့် နောက်ထပ်ထပ်မံခတ်ထားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဒေါ်လွင်လွင်ထွန်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏မိသားစုဝင် တစ်ဦးဦးမှဖြစ်စေ ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း ငွေကြေးများကို လာရောက်ပေးအပ်ပါရန်နှင့် နေအိမ်မှ ပစ္စည်းများကို ဖယ်ရှားပေးပြီး အိမ်သော့လာရောက်အပ်နှံပေးပါရန် အကြောင်းကြားပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်သည်အထိ လာရောက်၍ ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိပါက နေအိမ်ရှိ ဒေါ်လွင်လွင်ထွန်းတို့ ခတ်ထားသော သော့များအား သက်ဆိုင်ရာရပ်ကွက်/ကျေးရွာလူကြီးများရှေ့တွင် ဖျက်၍နေအိမ်သို့ဝင်ရောက်ကာ ဒေါ်လွင်လွင်ထွန်းပိုင်ပစ္စည်းများအား စွန့်ပစ်ပစ္စည်းများအဖြစ်သတ်မှတ်၍ နေအိမ်မှဖယ်ထုတ်သွားမည်ဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေမှ မိမိအိမ်အား ပြန်လည်သော့ခတ် သိမ်းယူမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေဘက်မှ ဒေါ်လွင်လွင်ထွန်းထံသို့ ယုံကြည်စွာအပ်နှံထားသည့် ငွေကြေးများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးလွင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေခိုင်(LL.B, D.B.L, D.I.L, D.I.P.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၂၉)**
**တိုက် (CC-4)၊ အခန်း (၆၀၁)၊ ဗိုလ်မှူးဗထူးအိမ်ရာအပိုင်း-၂၊ ၄၈-ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။**
**ဖုန်း - ၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဩဘာလမ်း၊ အမှတ်-၂၆၊ ပထမထပ်၊ ခြေရင်းခန်း၊ အကျယ် (၁၄x၅၀)ပေရှိ တိုက်ခန်းနှင့် ရေ၊ မီးအစုံအပါအဝင် ယင်းတိုက်ခန်းတွင် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်တို့ကို ယခုရောင်းချသူ ဒေါ်ဇင်မာလာမင်း[၁၂/တမန(နိုင်)၁၀၄၄၇၀]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်သည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်သည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်သန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၆၆)**
**အမှတ်(A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊**
**(၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၄၅၄၁၅၃၄၇၄**

## အထွေထွေကိုယ်စားလှယ်လွှဲစာကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေဇင်ထွန်း [၅/ရဘန(နိုင်)၁၆၁၆၅၁]မှ ရိုးမဘဏ်လီမိတက်၊ အမှတ်(၁၇/က)၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏(၁၆-၅-၂၀၂၃)ရက်စွဲပါ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ်-၈၆၅၁/၂၃ အရ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာကို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကေဇင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂/၂၇-၄-၂၀၂၀)**
**အမှတ်- ၇၃၇/ခ၊ မြေညီထပ်၊ မာဃလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ (၄၇) လမ်း၊ အမှတ်(၁၇၉/၁၈၁)ဟု ခေါ်တွင်သည့် (၄)ခန်းတွဲ (၈)ထပ်တိုက် အဆောက်အဦမှ (၁၁ ½ပေx ၅၈ပေ) အကျယ်အဝန်းရှိ (လမ်းမဘက်မှကြည့်လျှင်ယာဘက်ခြမ်းအစွန်ဆုံး) မြေညီထပ်တိုက်ခန်းနှင့် လျှပ်စစ်မီတာ/ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြမြဝင်း [၁၂/မရက(နိုင်)၀၅၄၀၄၅]က ဖော်ပြပါတိုက်ခန်းအား မိမိမှ ပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်းနှင့် အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လဲ့လဲ့ဝင်း (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၃၂)**
**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၁၄၃၂၃၂၊ ၀၉-၇၉၉၅၉၅၅၀၅**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ ဦးအောင်ဇေယျလမ်း၊ အမှတ်(၁)နေ ဦးတင်ရှိန်[၁၂/သလန(နိုင်)၀၃၁၂၈၀]နှင့် ဒေါ်တင်တင်ရှိန်[၁၂/သလန(နိုင်)၀၃၁၄၉၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မိဘများဖြစ်သည့် ဦးတင်ရှိန်၊ ဒေါ်တင်တင်ရှိန်တို့တွင် ဒေါ်ချိုချိုရှိန်[၁၂/သလန(နိုင်)၀၃၁၄၇၃]၊ ဒေါ်ဥမ္မာရှိန်[၁၂/သလန(နိုင်)၀၃၁၄၇၄]၊ ဦးထွန်းလှရှိန်[၁၂/သလန(နိုင်)၀၃၅၈၃၈]၊ ဦးမျိုးညွှန့်ရှိန် [၁၂/သလန(နိုင်)၀၃၁၂၈၂]၊ ဒေါ်မာလာရှိန်[၁၂/သလန(နိုင်)၀၀၀၁၀၅]ဟူ၍ သားရင်း၊ သမီးရင်း(၅)ဦးရှိပြီး ကိတ္တိမသားသမီးမရှိပါ။ မိဘများမှသမီးလတ်ဖြစ်သူ ဒေါ်ဥမ္မာရှိန်ကို မိဘများပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အလယ်ရပ်ကွက်၊ အကွက်အမှတ်(၂၁)၊ မြေတိုင်းရပ်ကွက်အမည်-ဗိုလ်တဲကွက်၊ ဦးပိုင်အမှတ်-၃၀/ခ၊ ဧရိယာ(၀.၀၈၀)ဧကရှိ မြေကွက်အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ(၀.၀၂၇၅)ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ဒေါ်ဥမ္မာရှိန်၏ တောင်းဆိုချက်အရ မေတ္တာဖြင့်အပိုင် ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍ အမွေကြိုတင်ပေးအပ်ခဲ့သဖြင့် ဒေါ်ဥမ္မာရှိန်မှ (၀.၀၂၇၅) ဧကရှိမြေကွက်နှင့် ပတ်သက်၍ မိမိအမည်ပေါက်ဂရန်ရရှိပြီးဖြစ်ပါသည်။

ယခုအခါ ဒေါ်ဥမ္မာရှိန်မှ ၎င်းတောင်းဆိုခဲ့သော အမွေကို မိဘများထံမှ အပြီးအပိုင်ရရှိပြီးဖြစ်ပါ၍ ကျန်ရှိသော မိဘပိုင်ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများသည် ဒေါ်ဥမ္မာရှိန်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ကြောင်း၊ ကျန်ရှိသည့် အမွေပစ္စည်းကိုစွန့်လွှတ်ကြောင်း၊ ဒေါ်ဥမ္မာရှိန် ကိုယ်တိုင်လက်ခံ၍ အသိသက်သေ လူကြီးများနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ရှေ့တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။ သို့ပါ၍ ကျန်ရှိသော ကျွန်တော်/ ကျွန်မတို့ပိုင်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းမှန်သမျှတို့သည် ဒေါ်ဥမ္မာရှိန်နှင့်လုံးဝသက်ဆိုင်ခြင်းမရှိဘဲ ကျန်ရှိသော သားသမီး(၄)ဦးနှင့်သာ သက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသကြင်န်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၄၅)**
**ရုံး-အမှတ်(၉)၊ သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**သန်လျင်မြို့။ ဖုန်း-၀၉-၄၂၂၀၁၃၈၀**

## ငှားမည်

(ဝေဇယန္တာလမ်း၊ ကျောကပ်)၊ မြေပေ(၄၀x၆၀) (BN-1)၊ တ/ဥ (၆)ရပ်ကွက်၊ ဟံသာဝတီ(၂၂)လမ်း

**ဖုန်း-၀၉-၄၃၀၆-၃၆၈၇**
**၀၉-၂၅၀၅-၆၇၃၀၂**

## အမည်ပြောင်း

ရေကြည်မြို့၊ အ.ထ.က (မြို့မ)၊ Grade-4မှ အဖ ဦးသိဏ်းထက်စံ၏ သား မောင်ဇေရတုအား မောင်သူရိန်ဇန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်သူရိန်ဇန်**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးမြို့တင်၏သမီး မမာမာမော်[၈/ပခက(နိုင်)၂၆၆၃၉၉]၏ နိုင်ငံကူးလက်မှတ် အမှတ် (MH 289040) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၅၅၀၆၄၃**

## ဖခင်အမည်မှန်

ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်၊ အထက်တန်းကျောင်း၊ Grade-9 မှ မမြမြင့်ဇူ၏ ဖခင်အမည်မှန်မှာ ဦးသန်းဝင်း[၉/ပမန(နိုင်)၂၀၈၉၀၆] ဖြစ်ပါကြောင်း။

**ဦးသန်းဝင်း**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ကန်ထရိုက်ရငွေများဖြင့်ခရိုင်(၁၄)ခရိုင်အတွင်းရှိ မြို့နယ်များအတွက်ကန်ထရိုက်တိုက်များ ဓာတ်အားရရှိရေးအတွက် လိုအပ်သော ပစ္စည်း(၄)မျိုးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၃.၁၀.၂၀၂၄)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၇.၁၁.၂၀၂၄)ရက်နေ့၊(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် (ပန်းဆိုးတန်းလမ်းမှလိပ်ကန်ခွဲရုံအထိ)ကောင်းကင်ဓာတ်အားလိုင်းများအစားမြေအောက်ဓာတ်ကြိုးများဖြင့်ပြောင်းလဲချမြုပ်ခြင်းလုပ်ငန်းအတွက်ပစ္စည်းများအားမြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၂.၁၀.၂၄)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှ (၆.၁၁.၂၀၂၄) (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်းနံပါတ် - ၀၁ ၂၂၀၈၁၆ သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ပရွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၅၈)၊ ဆင်းကူးအရှေ့ကွင်း၊ ဦးပိုင်အမှတ်-၄/C-၁၀ အနက်မှ (၂)လမ်းနှင့် မိန်းလမ်းထောင့်ရှိ မြေကွက်အမှတ် (၁၀/၈)၊ အလျား (၄၀)ပေ xအနံ (၆၀)ပေ ရှိမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူများဖြစ်သော ဦးမျိုးမင်းဟိန်း [၁၂/တကန(နိုင်)၂၂၉၄၈၇]နှင့် ဒေါ်လွင်လွင်ထွန်း [၁၄/ဘကလ(နိုင်)၂၀၉၇၅၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးပြည့်ဖြိုးလွင်[၁၂/ဒဂန(နိုင်)၀၃၃၈၀၃] နှင့် ဒေါ်မေမြတ်နိုးဦး [၁၂/ဥကတ(နိုင်)၁၈၀၉၈၀]တို့က (၂၄-၅-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက် အပြီးအပိုင်အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ယနေ့အချိန်ထိ လက်ဝယ်ထားရှိပိုင်ဆိုင်ထားကြပါသည်။

ယခုအခါ ဖော်ပြပါမြေကွက်အား သက်ဆိုင်ရာအစိုးရ ဌာနဆိုင်ရာများသို့ မြေကွက် အမည်ပေါက် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထား(မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါမြေကွက်၏ အမည်ပေါက်လျှောက်ထားခြင်းလုပ်ငန်းအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာရုံးအဆင့်ဆင့်သို့ ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဝေဝေခိုင် (LL.B, D.B.L, D.I.L, D.I.P.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၂၉)**
**တိုက် (CC-4)၊ အခန်း (၆၀၁)၊ ဗိုလ်မှူးဗထူးအိမ်ရာအပိုင်း-၂၊ ၄၈-ရပ်ကွက်၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။ ဖုန်း - ၀၉-၅၀၃၈၆၁၈၊ ၀၉-၇၈၉၄၈၇၃၂၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် အပြုအမူဆိုးကြောင့် အမွေခံစားခွင့် မရနိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဟန်ညွှန့် [၇/ကဝန(နိုင်) ၀၀၈၆၆၃] နှင့် ဇနီး ဒေါ်ကြူရွှေ [၇/ကဝန (နိုင်)၀၀၈၆၆၄]၊ အမှတ် -၁၂၇၈၊ ရတနာလမ်း၊ (၁၃) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူတို့၏ သားဖြစ်သူ မောင်ကျော်သူဟန် [၇/ကဝန (နိုင်) ၀၀၀၃၃၅] သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ သဘောမတူသော မိန်းကလေးနှင့် လက်ထပ်သွားပြီး မိဘနှစ်ပါးကို များစွာ ကိုယ်စိတ်ဆင်းရဲစေသော အပြုအမူဆိုးကို ပြုမူခဲ့သောကြောင့် သွာနုတ္တ (သမာနုတ္တာ) သားဖြစ်ကြောင်း နှင့် (အမွေခံစားခွင့်) တစ်စုံတစ်ရာ မရနိုင်တော့ကြောင်း ဤကြော်ငြာပါသည့်နေ့မှစ၍ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဦးတက်ဝင်းမြိုင်(စဉ်-၁၉၅၃/၈၀)** | **ဒေါ်သီသီလှိုင် (စဉ်-၁၄၆၁၈)** | **ဒေါ်ထွေးဆုပိုင်စိုး (စဉ်-၁၆၃၀၈)** |
| **B.A (Law).,LL.B** | **LL.B,D.M.L** | **LL.B,LL.M** |
| **(တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်)** | **(တရားလွှတ်တော်ရှေ့နေများ)** | |

**အမှတ် (၁၀/၁၂)၊ ပထမထပ်၊ (၃၅) လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၅၄၃၃၃၀၁၈၊ ၀၉-၉၆၆၈၁၁၉၁၇**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၂/က)ရပ်ကွက်၊ အမှတ် (၄၃၅) ဟု ခေါ်တွင်သာ ဒေါ်ချယ်ရီ [၁၂/မဂဒ(နိုင်)၀၅၂၅၉၄] အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၁၇x၁၅)ပေ ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသူ ဒေါ်အင်ကြင်းခိုင်(ဘ) ဦးကျော်နိုင် [၁၂/မဂဒ(နိုင်)၀၈၇၇၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ဝင်းဝင်းရီ(ဘ)ဦးစိန်ချစ်[၁၂/လမန(နိုင်)၀၅၄၇၂၅] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်သဇင်မြင့် (LL.B., D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၄၈)**
**အမှတ် (၁၉)၊ သဒ္ဒါသုခလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း - ၀၉-၂၅၄၄၁၆၄၆၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၇)၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ် (၁၁၈၁/က) ဟုခေါ်တွင်သော အကျယ်အဝန်း အလျား (၂၀) ပေx အနံ (၆၀) ပေရှိ မြေကွက်သည် သက်ဆိုင်ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးကံလှ အမည်ဖြင့် မြေချပါမစ်ရရှိထားသော မြေကွက်ဖြစ်ပြီး ယင်းမြေကွက်၏ အကျိုးခံစားခွင့် အားလုံးတို့ကို စာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး တစ်ဆင့်ပြန်လည် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနေလင်း(ဘ) ဦးရဲသူ(ခ)ဦးသန်းထွန်း [၁၂/ဥကတ(နိုင်)၂၁၇၃၀၉] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမင်းအောင်နိုင် (ဘ) ဦးဘု[၃/ကကရ(နိုင်)၀၅၀၆၄၃] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း (မူရင်း) အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခိုင်သဇင်မြင့် (LL.B., D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၁၄၈)**
**အမှတ် (၁၉)၊ သဒ္ဒါသုခလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။ ဖုန်း - ၀၉-၂၅၄၄၁၆၄၆၀**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင်မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...**

**❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**အကြမ်းဖက်သမား အယောင်ဆောင်၍ စီးပွားရေးလုပ်ငန်းရှင်များထံ ခြိမ်းခြောက်ငွေကြေးတောင်းခံနေသည့် တရားခံများအား ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးမြေ ၂၄၅၁၈ ဧကအား မြစ်ရေတင်လုပ်ငန်း ၂၅ ခုမှ အကျိုးပြုလျက်ရှိ**

စာမျက်နှာ » ၁၇

**စုပေါင်းအားဖြင့် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံ ချက်ချင်းတုံ့ပြန် ထူထောင်ရန်**

ဆောင်းပါး စာမျက်နှာ » ၁၈

## မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန် - ပုသိမ် - ညောင်ဦး - မန္တလေး ခရီးစဉ်များ အပတ်စဉ် ပျံသန်းပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၂၁

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ပြည်တွင်းခရီးစဉ်အသစ်ဖြစ်သော ရန်ကုန် – ပုသိမ် – ညောင်ဦး – မန္တလေး ခရီးစဉ်များကို အပတ်စဉ် တနင်္ဂနွေနေ့နှင့် မန္တလေး – ညောင်ဦး – ပုသိမ် – ရန်ကုန် ခရီးစဉ်များကို အပတ်စဉ် တနင်္လာနေ့တွင် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❍




## အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်




နေပြည်တော် အောက်တိုဘာ ၂၁

ယနေ့ညနေ ၄ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ❂

## (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၁

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်မှစတင်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV–HD၊ MRTV – Parliament၊ MRTV–NRC၊ MWD–HD၊ MWD Variety–HD Channel များနှင့် MOI Website ၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံ ရေဒီယို ၊ သဇင် FM ၊ မန္တလေး FM ၊ ပဒ္မဝတီ FM ၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်သည်။

သတင်းစဉ်